# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၇ |
| ၅ | စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများ၊ လျှပ်စစ် မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ရန်အတွက် မည်သူကတာဝန်ယူဆောင်ရွက်မည်၊မည်သည့် ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည်ကိုမူဝါဒ၊ လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျချမှတ် ဆောင်ရွက်သွား ရန် စီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၆ | စဉ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာနှင့် ရွာသစ်ကျေးရွာသို့ သွယ်တန်းဖြန့်ဖြူး ပေးထားသော လျှပ်စစ်ဓာတ်အားများ အပြည့်အဝအသုံးပြုရန်နှင့် နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဆက်လက် ဖြန့်ဖြူးပေးနိုင် ရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်းနှင့်စပ်လျဉ်း သည့်မေးခွန်း | ၁၁ |
| ၇ | ဖာပွန်မြို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ထုံးကျိန်လွင်ပြင် လယ်သမားတာ ပြီးမြောက်ရေးအတွက် မည်သို့ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | မိုင်းခတ်မြို့နယ်၊ မိုင်းနုံးကျေးရွာအုပ်စုရှိ(ခမ်းနွဲ့) ရေသွယ်မြောင်း ၁၁၅၀ ပေနှင့် ဝမ်ခုတ်ကျေးရွာ အုပ်စု (ဖိုင်တင်း) ၁၀၃၀ ပေ ရေသွယ်မြောင်းတို့ကို စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ကျောက်စီနံရံထိန်း ရေသွယ်မြောင်း အဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |
| ၁၀ | ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စု၊ ဖိုင်ပါဆန်ဆည် ရေတား ဆည်တမံအသစ်တစ်ခုနှင့် ဆည်ရေသွင်းမြောင်းအား ပြန်လည်ပြုပြင် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၁ | ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူး လွန်သူများအား ဥပဒေအရ အပြစ်ပေးနိုင်ရန်အလို့ငှာ နည်းဥပဒေက ပြင်ဆင်ခြင်းနည်း သို့မဟုတ် | ၃၀ |

တရားစွဲဆိုမည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို တာဝန်ပေးအပ်ခြင်းနည်းနှစ်မျိုးမှ တစ်မျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၃၆
အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၂

၁၄ ပြည်သူ့ငွေစာရင်းကော်မတီ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၂၂-၆-၂၀၁၈) ရက်နေ့မှ (၂၁-၆-၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာ ၄၈

၁၅ ပြည်သူ့လွှတ်တော်ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း ၆၇

၁၆ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၇၆

၁၇ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးမှု များ ၇၂

၁၈ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ၁၉-၂-၂၀၁၈ မှ ၁၈-၂-၂၀၁၉ ထိ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၇၆

၁၉ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ် လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအမည် စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း ၁၀၄

၂၀ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း ၁၀၄

၂၁ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၂၆

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# (၂-၁၂-၂၀၁၉)( တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **စည်ပင်သာယာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများ၊ လျှပ်စစ်မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ရန်အတွက် မည်သူက တာဝန်ယူဆောင်ရွက်မည်၊ မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျချမှတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **စဥ္စဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာနှင့် ရွာသစ်ကျေးရွာသို့ သွယ်တန်းဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားများ အပြည့်အဝအသုံးပြုရန်နှင့် နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၏ **ဖာပွန်မြို့ လျှပ်စစ်ဓာတ်အား သွယ်တန်းနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ထုံးကျိုန်လွင်ပြင် လယ်သမားတာ ပြီးမြောက်ရေးအတွက် မည်သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစဲကီကော်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်၊ မိုင်းနုံးကျေးရွာ အုပ်စုရှိ (ခမ်းနွဲ့) ရေသွယ်မြောင်း (၁၁၅၀)ပေနှင့် ဝမ်ခုတ်ကျေးရွာအုပ်စုရှိ (ဖိုင်တင်း) (၁၀၃၀) ပေ ရေသွယ်မြောင်းတို့ကို စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ကျောက်စီနံရံထိန်းရေသွယ်မြောင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စု၊ ဖိုင်ပါဆန်ဆည် ရေတားဆည်တမံအသစ်တစ်ခုနှင့် ဆည်ရေသွင်းမြောင်းအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ(၁၂)ကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေအရ အပြစ်ပေးနိုင်ရန် အလို့ငှာ နည်းဥပဒေကိုပြင်ဆင်ခြင်း နည်း သို့မဟုတ် တရားစွဲဆိုမည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို တာဝန်ပေးအပ်ခြင်းနည်း (၂)မျိုးမှ တစ်မျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အမျိုးသား မှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဒသမနေ့မှတ်တမ်း

# ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

# (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

# (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

## မူကြမ်း

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၆၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော်ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၆၅ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅၉ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၂ ရက်၊

(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊

(၃) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၄ ရက်၊

(၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၅ ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၆) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်ခွင့် ၂ ရက်၊

(၇) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

မူကြမ်း

(၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၁၁) မိုးညှိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊

(၁၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးငွေးဝင်း ခွင့် ၃ ရက်၊

(၁၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေခွင့် ၁ ရက်၊

(၁၅) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၁၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၇) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၁၈) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၁၉) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၂၀) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၂၁) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၂၂) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၂၃) ဖေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေးဝင်း ခွင့် ၅ ရက်၊

(၂၄) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)ဦးအာလူး ခွင့် ၁ ရက်၊

(၂၅) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၂၆) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၅ ရက်၊

မူကြမ်း

(၂၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁၇ ရက်၊

(၂၈) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁၁ ရက်၊

(၂၉) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)စိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၃၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၃၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၃၂) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁၉ ရက်၊

(၃၃) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၂ ရက်၊

(၃၄) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၃၅) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃၆) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၃၇) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၃၈) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊

(၃၉) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၄၀) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ခွင့် ၁ ရက်၊

(၄၁) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်၊

(၄၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊

(၄၃) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၁ ရက်၊

(၄၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၅ ရက်၊

မှုကြမ်း

(၄၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၄၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၅ ရက်၊

(၄၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ခွင့် ၅ ရက်၊

(၄၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး ခွင့် ၅ ရက်၊

(၄၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် ၁ ရက်၊

(၅၀) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၂ ရက်၊

(၅၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၅၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၅၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၅၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊

(၅၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၅၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၅၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊

(၅၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်နှင့်

(၅၉) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၆၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၆၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများ၊ လျှပ်စစ်မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ရန်အတွက် မည်သူကတာဝန်ယူဆောင်ရွက်မည်၊ မည်သည့်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည်ကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လမ်းခင်းခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းစတဲ့ စည်ပင်သာယာလုပ်ငန်းများဆောင်ရွက်ရာမှာ မလွတ်ကင်းတဲ့ထရန်စဖော်မာတွေ၊ လျှပ်စစ်မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ဖို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ဆွေးနွေးညှိနှိုင်းပြီးတော့ မည်သူကတာဝန်ယူဆောင်ရွက်မည်၊ မည်သည့်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည်ကို မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ်တိတိကျကျချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ ခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လမ်းခင်းခြင်း၊ လမ်းတိုးချဲ့ခြင်း၊ အုတ်ရေမြောင်းဖောက်လုပ်ခြင်း၊ အုတ်ရေမြောင်းတိုးချဲ့ခြင်းစသည့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ မလွတ်ကင်းတဲ့ထရန်စဖော်မာများ၊ လျှပ်စစ်မီးတိုင်များရွှေ့ပြောင်းရန် အလွန်ကြန့်ကြာလျက်ရှိပါတယ်။ ထို့ကြောင့် ရန်ကုန်မြို့မှာ လမ်းလယ်ကိုရောက်ရှိနေတဲ့ ထရန်စဖော်မာ

တွေ၊ ခါတ်တိုင်တွေ၊ ရေမြောင်းအလယ်ကိုရောက်ရှိနေတဲ့ ခါတ်တိုင်များကို အရုပ်ဆိုးအကျည်းတန်စွာဖြင့် နှစ်ပေါင်းများစွာ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းမှာ မြင်တွေ့နေရပါတယ်။ စည်ပင်သာယာလုပ်ငန်းများကိုလည်း အချိန်ကြန့်ကြာပြီး ပြည်သူ့ဘဏ္ဍာငွေလည်းကုန်ကျသလောက် အကျိုးမရှိဖြစ်နေရပါတယ်။

ဒါကြောင့် လမ်းခင်းခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းစတဲ့ စည်ပင်သာယာလုပ်ငန်းများဆောင်ရွက်ရာမှာ မလွတ်ကင်းတဲ့ ထရန်စဖော်မာတွေ၊ လျှပ်စစ်မီးတိုင်တွေကို အချိန်မီရွှေ့ပြောင်းနိုင်ဖို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ဆွေးနွေးညှိနှိုင်းပြီးတော့ မည်သူက တာဝန်ယူဆောင်ရွက်မည်၊ မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ကို မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး မေးမြန်းသည့် လမ်းခင်းခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းစသည့် စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများ၊ လျှပ်စစ်မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းဆွေးနွေးပြီး မည်သူက တာဝန်ယူဆောင်ရွက်မည်၊

မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်ပေါင်းစပ်ကာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနတစ်ခုနှင့်တစ်ခု ချိတ်ဆက်မိစွာဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်ဘဏ္ဍာချွေတာနိုင်ရေး၊ လုပ်ငန်းအဆင်ပြေချောမွေ့စေရေးတို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စသည့်ဌာနများမှ လုပ်ငန်းများမဆောင်ရွက်ခင် မိမိဆောင်ရွက်မည့် လုပ်ငန်းများအတွက် ပါဝင်ပတ်သက်သည့်ဌာနများကိုခေါ်ယူ၍ ကြိုတင်ချပြဆောင်ရွက်သွားရန်၊ ဌာနတစ်ခုနှင့်တစ်ခုညှိနှိုင်းပြီး လုပ်ငန်းနှင့်ဘတ်ဂျက်လျာထား၍ ဆောင်ရွက်သွားကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မူဝါဒချပေးထားပြီးဖြစ်ပါတယ်။ ဆောင်ရွက်သောလုပ်ငန်းများအတွက် လိုအပ်တဲ့ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနအလိုက် ဌာနဘတ်ဂျက်ဖြင့် တင်ပြဆောင်ရွက်သွားရန်နှင့် မလုံလောက်ပါက တိုင်းဒေသကြီးအစိုးရထံ ကြိုတင်တင်ပြတောင်းခံသွားရန် လမ်းညွှန်ထားကြောင်း သိရှိရပါတယ်။

တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မူလရှိပြီး လမ်းတံတား၊ လျှပ်စစ်ဓာတ်အားလိုင်း၊ ဆက်သွယ်ရေးတိုင်များအတွက် တိုးချဲ့တည်ဆောက်လိုသည့်ဌာနမှ ပြောင်းရွှေ့တည်ဆောက်ပေးရမည့်ဌာနအတွက် ကုန်ကျစရိတ်ကို တာဝန်ယူဆောင်ရွက်ပေးသွားရန်ကိုလည်း မူဝါဒချထားပြီးဖြစ်ပါတယ်။ ယခင်ကာလများ၌ ထိုသို့ ညှိနှိုင်းမှုအားနည်းခဲ့ခြင်းများကြောင့် ဥပမာတစ်ရပ်အနေဖြင့် စည်ပင်သာယာမှ လမ်းတိုးချဲ့ရာတွင် မိမိတို့၏ လျှပ်စစ်ဓာတ်တိုင်များ လမ်းမပေါ်မှာရောက်နေခြင်း ခုနက ကိုယ်စားလှယ်တော်ကြီး Power Point နဲ့ပြတဲ့ပုံစံတွေ ဖြစ်ပါတယ်။ နောက်ပိုင်းကာလများမှာတော့ ဌာနရဲ့ဘတ်ဂျက်တောင်းခံ၍ ရွှေ့ပြောင်းပေးခဲ့ရမှုများရှိခဲ့ပါ

ကြောင်းနှင့် နောင်တွင် အလားတူကိစ္စရပ်မျိုး မဖြစ်ပေါ်စေရေးအတွက် ဌာနအချင်းချင်း ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**စဥ့်ဝင်ကျေးရွာအုပ်စု၊ စေတီဖြူရွာနှင့် ရွာသစ်ကျေးရွာသို့ သွယ်တန်းဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားများ အပြည့်အဝအသုံးပြုရန်နှင့် နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဆက်လက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်ငါးဆိုင်ဟိန်း ဖြစ်ပါတယ်။ စဥ့်ဝင်ကျေးရွာ အုပ်စုအတွင်းရှိတဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲခွင့်ရရှိရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ မောက်မယ်မြို့နယ် ဈေးလမ်းရပ်ကွက် အတွင်းမှာရှိတဲ့ ထရန်စဖော်မာကနေပြီးတော့မှ စဥ့်ဝင်ကျေးရွာအုပ်စု စေတီဖြူရွာ၊ ရွာသစ်ကျေးရွာ တွေကို လျှပ်စစ်သွယ်တန်းထားတဲ့အတွက် လျှပ်စစ်သုံးစွဲမှုတွေ မလောက်မငှဖြစ်ပေါ်လာတဲ့အတွက် ဒီမေးခွန်းကို ကျွန်တော် တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ သို့ရာတွင် ယခုလက်ရှိအနေအထားကတော့ မြို့နယ်လျှပ်စစ်မှူးနှင့် ကျေးရွာအုပ်စုတာဝန်ရှိပုဂ္ဂိုလ်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကြောင့် ယာယီကြိုးတပ်ဆင်ထားပါတယ်။ အဆင်ပြေနေပါပြီ။ ယခု ဘဏ္ဍာရေးနှစ်မှာလည်း ကျွန်တော်တို့ လျှပ်စစ်ကြိုးလွှဲပြောင်းလဲလှယ်ခြင်း၊ ထရန်စမော်မာတစ်လုံးသီးသန့် တပ်ဆင်ခြင်းလုပ်ငန်းများ ပါရှိလာတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မူလတင်သွင်းထားတဲ့မေးခွန်းနှစ်ခုအနက် ဒုတိယ

မေးခွန်းဖြစ်တဲ့ နောင်ခမ်းကျေးရွာအတွက်ပဲမေးမြန်းမှာ ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စုရှိ နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်နည်းဆိုတဲ့မေးခွန်းကိုပဲ မေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့မေးမြန်းတဲ့ ဒုတိယမေးခွန်းအနေနဲ့က စဥ့်ဝင်ကျေးရွာအုပ်စုရှိ နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်နည်းဆိုသည့် ကြယ်ပွင့်ပြမေးခွန်း ဒုတိယပိုင်းကို ကျွန်တော်ကပဲ ဆက်လက်ပြီး ရှင်းလင်းဖြေကြားသွားပါမယ်။ စဥ့်ဝင်ကျေးရွာအုပ်စုမှာရှိတဲ့ နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အားဆက်လက် ဖြန့်ဖြူးပေးပို့နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်မယ့် ရွာသစ်ကျေးရွာ ၁၁ ကေဗွီဓာတ်အားလိုင်းတစ်မိုင်နှင့် ဆက်လက်ဓာတ်အားချိတ်ဆက်ရယူ၍ နောင်ခမ်းကျေးရွာသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁.၇ မိုင်၊ နောင်ခမ်းကျေးရွာတွင် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၀.၈ မိုင် တည်ဆောက်ပေးရမည်ဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဖာပွန်မြို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကိုမင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၁၃)ကြိမ်မြောက် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ၂၀၁၉ ခုနှစ် အောက်တိုဘာလမတိုင်မီက ကမ္ဘာ့ဘဏ်က ပညာရေးနိမ့်ကျသော မြို့နယ်များကို ကူညီဖို့ ဒေါ်လာသန်း ၁၀၀ ချေးငှားတဲ့နေရာမှာ အာရှဖွံ့ဖြိုးရေးဘဏ်က မြို့နယ် ၁၀၀ မှာ ဖာပွန်မြို့နယ် ပါရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကလည်း မြို့ကိုပြန်ရောက်တဲ့အခါ ရွာလူကြီးတွေ၊ မြို့မိမြို့ဖ တွေခေါ်ပြီးတော့ ဖာပွန်အတွက်ပညာရေးလိုအပ်ချက်တွေကို အစိုးရကလုပ်ပေးဆောင်ရွက်နေ တာကို ရှင်းလင်းပြသခဲ့ပါတယ်။ အဲဒီပြသတဲ့အချိန်မှာပဲ ငြိမ်းချမ်းရေးဒေသက ပညာရေးတာဝန်ခံ ကလည်း လာတဲ့အခါကျတော့ နားထောင်ပြီးတော့ ကျွန်တော်တို့လည်း ကူညီပါလို့ပန်ကြား သွားပါတယ်။ အစည်းအဝေးတွေလုပ်လို့ရှိရင်လည်း ကျွန်တော်တို့ဘားအံမှာ ဖိတ်ပါတယ်လို့ ပြောသွားပါသေးတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကိုဘယ်လိုပဲဖြစ်ဖြစ် ထွန်းကားအောင် လုပ်ဖို့အတွက် လျှပ်စစ်ဓာတ်အားရှိဖို့လိုပါတယ်။ လျှပ်စစ်ဓာတ်အားရှိမှသာ ကွန်ပျူတာ၊ လျှပ်စစ် ပညာ၊ နည်းပညာတွေရှိသလို လုံခြုံရေးအတွက်လည်း အများကြီးတန်ဖိုးရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နယ်ပယ်သူ/နယ်ပယ်သားတွေက ပညာရေးတတ်ဖို့ အပြင်ကိုအခုခေတ်မှာ လကမ္ဘာ

ကိုတက်ဖို့အတွက် မြန်မာနိုင်ငံကလည်းပဲ ကြိုးစားနေတဲ့အချိန်မှာ ကျွန်တော်တို့က လျှပ်စစ်မီးတော့ ရောက်ဖို့ကောင်းပါပြီလို့ ကျွန်တော်ထင်ပါတယ်။ ရှေ့ခေတ်က အိုင်းစတိုင်လို ပညာရှင်ကြီးဟာ ပြေးရင်းလွှားရင်းနဲ့ပဲ ခုနကလို သိပ္ပံပညာကိုလေ့လာသည့်အတွက်ကြောင့် ကမ္ဘာမှာနာမည်ကြီးခဲ့ပါတယ်။ ဒါကြောင့်မို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုအားလုံးသည် လျှပ်စစ်မီးပေါ်မှာတည်ရှိတဲ့အတွက်ကြောင့် ပညာရေးနောက်ကျနေတဲ့ ဖာပွန်မြို့နယ်အား မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် မေးမြန်းသည့် ကရင်ပြည်နယ်၊ ဖာပွန်မြို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ သထုံ-ဝါးပိုးတော-ကမမောင်း-ကတိုင်ထိ-ဖာပွန် ဓာတ်အားလိုင်း ၉၂ မိုင် တည်ဆောက်ခြင်း၊ ဖာပွန်မြို့တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဖာပွန်မြို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနိုင်ရေးစီမံကိန်းကို ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်

ADB ချေးငွေစီမံကိန်း(Loan No.3748–MYA(COL) Power Network Development Project (Distribution)) ဖြင့် ဆောင်ရွက်ပေးသွားရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

အဆိုပါ ADB ချေးငွေစီမံကိန်းအတွက် International Consultant ရွေးချယ်ရန် တင်ဒါခေါ်ယူစိစစ်ခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လက်ရှိတွင်လည်းပဲ Bidding Document တွေ Draft ပြုစုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ချေးငွေစီမံကိန်းအတွက် ရေးဆွဲထားသော Project Schedule အရ ပစ္စည်းဝယ်ယူရေး နိုင်ငံတကာတင်ဒါခေါ်ယူခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းများကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဝယ်ယူမည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများသည် ၂၀၂၀ ခုနှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရောက်ရှိ လာပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများကိုတော့ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းအပြီး ဆောင်ရွက်ရန် လျာထားစီစဉ်ထား ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ထုံးကျိန်လွင်ပြင် လယ်သမားတာ ပြီးမြောက်ရေးအတွက် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ထုံးကျိန်လွင်ပြင် လယ်သမားတာ ပြီးမြောက်ရေးအတွက် မည်သို့ကူညီဆောင်ရွက်ပေးမယ်ဆိုတာကို သိလိုတဲ့အတွက် မေးမြန်းတင်ပြရခြင်းဖြစ်ပါ

တယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမြို့နယ်၊ ထုံးကျိန်လွင်ပြင် လယ်သမားတာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ ၄၉၂ သန်းနဲ့ စိမ်းစမ်းစို ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့တာဖြစ်ပါတယ်။ တာအလျားက ပေ ၃၉၀၀၀ ရှိပါတယ်။ ဒါပေမဲ့ အခု အချိန်အထိ ကုမ္ပဏီဟာ ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိပါဘူး။ လုပ်ငန်းအတွက် ငွေအားလုံးကိုတော့ ထုတ်ယူသွားပြီလို့ သိရပါတယ်။ ဒီလိုအခြေအနေကို ကုက္ကိုကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင် လယ်သမား ၁၀၀ ကျော်က လက်မှတ်ရေးထိုးပြီးတော့ တိုင်တန်းခဲ့ကြပါ တယ်။ ကျွန်တော့်အနေနဲ့လည်းပဲ သက်ဆိုင်ရာဌာနတွေကို အသိပေးအကြောင်းကြားခဲ့တာကြောင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးပြီးတော့ ကုမ္ပဏီကို လုပ်ငန်းပြီးမြောက်အောင်ဆောင်ရွက်ဖို့ အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့ပါတယ်။ ပိုဆိုး တာက ကုမ္ပဏီက ဌာနကသတ်မှတ်ထားတဲ့ တာလမ်းကြောင်းအတိုင်း မသွားဘဲနဲ့ မြေနိမ့်တဲ့ နေရာတွေ၊ ချောင်းတွေကိုဖယ်ထုတ်ပြီးတော့ ဆည်ဖို့ခဲ့တာကြောင့် ဌာနကကြိုတင်တည်ဆောက် ထားတဲ့ သိန်း ၃၀၀၀ ကျော် ရေတံခါးတစ်ခုဟာလည်း အသားလွတ် ဘေးမှာကျန်ရစ်ခဲ့ခြင်းဖြစ်ပါ တယ်။ နိုင်ငံတော်ဘဏ္ဍာငွေတွေ အလဟဿဆုံးရှုံးခဲ့ရခြင်းဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေ ကြောင့် မင်းပြားမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချရေးစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)က ပြည်နယ်ညွှန်ကြားရေးမှူးထံကို ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့၊ ရက်စွဲပါစာအမှတ်(၁၂၉/တင်ဒါ/ ၂၀၁၈-၁၉)ဖြင့် စိမ်းစမ်းစိုကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတွေကို အသိပေးအစီရင်ခံစာ တင်ပြခဲ့ပါတယ်။ အစီရင်ခံစာအပြည့်အစုံကို မေးခွန်းနဲ့အတူ ပူးတွဲတင်ပြခဲ့ပြီးဖြစ်တာမို့ လိုအပ်တဲ့ အချက်များကိုသာ ကျွန်တော့်အနေနဲ့ ကောက်နုတ်တင်ပြပါမယ်။ အစီရင်ခံစာ အပိုဒ်(၁)မှာ ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အချိန်နောက်ကျခြင်း၊ စက်ယန္တရားများ အသုံးပြုမှု အားနည်းခြင်း၊ အတွေ့အကြုံရှိသော အင်ဂျင်နီယာများ ငှားရမ်းကြီးကြပ်မှုအားနည်းခြင်း၊ တာဖိနပ် မထားဘဲ တာအောက်ခြေမြေကို ကပ်ပြီးတော့မြေယူခြင်း၊ ဒီဇိုင်းတာထိပ်အမြင့်နဲ့ တာလျှောစောက်

အား ပုံစံကျဆည်မဖို့ခြင်း၊ တာနှင့်ချောင်းပိတ်လုပ်ငန်းများအတွက် တောင်မြေအစား ရွှံ့ပျော့မြေ တစ်မျိုးတည်းကိုသာ ဆည်ဖို့ခြင်း စသဖြင့်အားနည်းခြင်းများတွေ့ရပြီး ဌာနက ၁၃-၅-၂၀၁၈ ရက်နေ့ ကွင်းဆင်းစစ်ဆေးရာတွင် တာပေါက်ခုနစ်ပေါက်ကို ပိတ်ဆို့ဆည်ဖို့ခြင်းမရှိသေးသဖြင့် မိုးမကျမီ အပြီးဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း ဖော်ပြထားပါတယ်။ စာပိုဒ် ၂ မှာ ထိုသို့ညွှန်ကြား ခဲ့သော်လည်း ကုမ္ပဏီသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်မှသာ မြေတူးစက်တစ်စီးဖြင့် အင်ဂျင်နီယာ သို့မဟုတ် ကွင်းတာဝန်ခံ ကြီးကြပ်မှုမရှိဘဲ အချိန်ဆွဲပြီး ဟန်ပြသဘောမျိုးသာဆောင်ရွက်နေ ကြောင်း စစ်တွေမြို့နယ်၊ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးချိန်တွင် တွေ့ရှိခဲ့ရတယ်လို့ ဖော်ပြထားပါတယ်။ အစီရင်ခံစာ အပိုဒ် ၅ မှာ ကုမ္ပဏီ သည် လုပ်ငန်းဆောင်ရွက်နေသော မြေတူးစက်တစ်စီး၊ စက်တပ်ယာဉ်တစ်စီးအား ၂၀၁၉ ခုနှစ် ဧပြီလတွင် လုပ်ငန်းခွင်မှရွှေ့ပြောင်းသွားပြီး ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ကြောင်း ဖော်ပြထားပါတယ်။ အပိုဒ်(၆)မှာတော့ သို့ဖြစ်ပါ၍ စိမ်းစမ်းစိုကုမ္ပဏီက ဆောင်ရွက်နေမှု လက်ရှိ အခြေအနေအား သိရှိနိုင်ပါရန်နှင့် အဆိုပါကုမ္ပဏီအား စာချုပ်ပါစည်းကမ်းများနှင့်အညီ လိုအပ်သလို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာ တင်ပြအပ်ပါသည်လို့ ရေးသား ဖော်ပြထားပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေအနေကြောင့် ကျွန်တော်တို့က နိုင်ငံ့ဘဏ္ဍာငွေတွေကို အကျိုးမရှိဘဲ အမြောက်အမြား အလဟဿ သဲထဲရေသွန် ဖြစ်သွားရခြင်းဟာ ဘယ်သူ့မှာတာဝန်ရှိတယ်ဆိုတာကို အထူးပြောစရာလိုမယ်မထင်ပါဘူး။ ဒီပေါ်မှာရော တာပြီးမြောက်ရေးအပေါ်မှာပါ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ မည်သို့ဆက်လက် ဆောင်ရွက်သွားမည်ကို သိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာ အုပ်စု၊ ထုံးကျိန်လယ်သမားတာ အပိုင်း(၂)တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်နယ် အစိုးရအဖွဲ့ရဲ့ဖြေကြားချက်ကို ဦးစွာတင်ပြပါမယ်။ အဆိုပါလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သန်းပေါင်း ၄၉၂ သန်းနဲ့ ဆောင်ရွက်ဖို့ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါတယ်။ တင်ဒါခေါ်ယူခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ဆောင်ရွက်ခဲ့ပြီး တော့ စိမ်းစမ်းစိုကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပါတယ်။ တင်ဒါအောင်မြင်ခဲ့တဲ့ စိမ်းစမ်းစိုကုမ္ပဏီ အနေနဲ့ စာချုပ်ပါစည်းကမ်းချက်အရ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ လုပ်ငန်းတွေပြီးစီးအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ပေမဲ့လည်းပဲ ပြီးစီးမှုမရှိခဲ့တဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန် ပေးချက်အရ ရခိုင်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကနေပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကွင်းဆင်းစစ်ဆေးဆောင်ရွက်မှု စစ်ဆေးတွေ့ရှိချက်အရ တာအလျား ပေ ၃၉၀၀၀ ကို တာပတ်ဆောင်ရွက်ခြင်းလုပ်ငန်းဟာ သတ်မှတ် စံချိန်စံညွှန်းနဲ့မကိုက်ညီဘဲနဲ့ ချောင်းပေါက်ခုနစ်ပေါက်ကိုလည်း အပြီးသတ်ပိတ်ဖို့ ကျန်ရှိနေတာကို စိစစ်တွေ့ရှိခဲ့ရပါတယ်။ ကုမ္ပဏီအနေနဲ့ လုပ်ငန်းများဆောင်ရွက်မှု ပီပြင်မှုမရှိခဲ့ဘဲနဲ့ လုပ်ငန်း ဆောင်ရွက်ချိန်နောက်ကျမှု၊ မှန်ကန်တဲ့ စက်ယန္တရားနှင့်အရေအတွက်ကို ထည့်သွင်းသုံးစွဲမှုမရှိတဲ့

အခြေအနေတွေကိုလည်းပဲ စိစစ်တွေ့ရှိရပါတယ်။ လုပ်ငန်းသဘာဝအရ ကာရီအထိုင်ချမယ့် ကာရီအူလမ်းကြောင်းအမှန်ကို ရွေးချယ်နိုင်မှုမရှိခဲ့ဘဲနဲ့ ကျွမ်းကျင်အင်ဂျင်နီယာရဲ့ အကြံဉာဏ်ကိုလည်း ရယူမှုမရှိခဲ့တာကိုလည်း စိစစ်တွေ့ရှိခဲ့ကြောင်း သိရှိရပါတယ်။ သာမန်မြေဖို့တဲ့လုပ်ငန်းတစ်ခုအဖြစ် မှတ်ယူပြီးတော့ အောက်ခြေဝန်ထမ်းများနဲ့ဆောင်ရွက်ခဲ့ခြင်းဖြစ်တဲ့အခြေအနေရှိခဲ့ပြီးတော့ ချောင်းပိတ်လုပ်ငန်းဆောင်ရွက်ရာမှာလည်း ဆောင်ရွက်ရမယ့်အချိန်ကာလကို မချိန်ဆဘဲနဲ့ အချိန်နှင့်တစ်ပြေးညီ ချိန်ကိုက်ဆောင်ရွက်နိုင်မှုမရှိကြောင်း စတဲ့အားနည်းချက်တွေ စိစစ်တွေ့ရှိရမှု အခြေအနေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်အရ စိစစ်သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ရခိုင်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ လုပ်ငန်းတွေ မိုးမကျမီ အပြီးသတ်ဆောင်ရွက်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားမှုနှင့်အညီ ကုမ္ပဏီကို အသိပေး အကြောင်းကြားခဲ့ပါတယ်။ အကြောင်းကြားခဲ့ပေမဲ့လည်းပဲ ကုမ္ပဏီအနေနဲ့ လုပ်ငန်းတွေမဆောင်ရွက်တဲ့အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှာပဲ တစ်ခါထပ်မံပြီး စာချုပ်ပါစည်းကမ်းများအတိုင်း တာရေကျော်ကျိုးပေါက်နေရာတွေကို ပြန်လည်ပြုပြင်ဖို့နဲ့ ပြီးစီးမှုအခြေအနေအား တင်ပြဖို့ စိမ်းစမ်းစိုကုမ္ပဏီကို ဒုတိယအကြိမ် ထပ်မံအကြောင်းကြား ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်သော်ငြားလည်းပဲ ကုမ္ပဏီအနေနဲ့ ၂၀၁၈ ခုနှစ်ကုန်သည်အထိ ပြန်လည်ပြုပြင်ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှာ ရခိုင်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထပ်မံပြီး ကွင်းဆင်းစစ်ဆေးခဲ့ပြန်ပါတယ်။ ကွင်းဆင်းစစ်ဆေးရာမှာ ကုမ္ပဏီဟာ မြေတူးစက်တစ်စီးနဲ့သာ ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိခဲ့ရပြီး နောက်ပိုင်းမှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေကို ပြီးစီးအောင်ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ မြေတူးစက်ကိုလည်း ပြန်လည်ရုပ်သိမ်းသွားကြောင်း သိရှိခဲ့ရပါတယ်။ သို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှာ လုပ်ငန်းတွေကို

ပြီးစီးအောင်ဆောင်ရွက်ဖို့ ကုမ္ပဏီကို တတိယအကြိမ် ထပ်မံအကြောင်းကြားခဲ့ပေမဲ့လည်း လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းမရှိတော့တဲ့အခြေအနေ ဖြစ်ပေါ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထုံးကျိန်ရေငန်တားတာနှင့်စပ်လျဉ်းပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၁၉)မှာ ပညာရှင်တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီး ဖြစ်နိုင်ခြေရှိတဲ့နည်းလမ်းတွေအတိုင်း ရှာဖွေတင်ပြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဆိုပါဆုံးဖြတ်ချက်ကို ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကို အကြောင်းကြားခဲ့မှုအရ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို ဖြစ်ပေါ်မှုအခြေအနေများနှင့်ပတ်သက်၍ နည်းပညာရှုထောင့်အရ ပြန်လည်တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြချက်ကိုလည်းပဲ ၂၀၁၉ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၉)မှာ ကွင်းဆင်းတင်ပြချက်ပါနှင့်အညီ လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့နဲ့ လုပ်ငန်းအတွက် လိုအပ်မယ့် ဘဏ္ဍာရန်ပုံငွေကို သင့်လျော်တဲ့ဘတ်ဂျက်နှစ်မှာ ထည့်သွင်းလျာထားရေးဆွဲဖို့ ဆုံးဖြတ်ခဲ့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိတင်ပြအပ်ပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီး ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းအကောင်အထည်ဖော်ရေး နှင့်စပ်လျဉ်းပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)ကို လမ်းညွှန်မှုခံယူ တင်ပြခဲ့ရာမှာ အဆိုပါလုပ်ငန်းဟာ ရှုပ်ထွေးနက်နဲမှုရှိတဲ့ လုပ်ငန်းမဟုတ်တဲ့အတွက် ပညာရှင်များဖြင့် ထပ်မံကွင်းဆင်းရန်မလိုလို့ သုံးသပ်ပါတယ်။ ဌာနအနေနဲ့လည်း ရန်ပုံငွေထပ်မံတင်ပြတောင်းခံပြီး အဆိုပါလုပ်ငန်းကို ဝင်ရောက်ဆောင်ရွက်ပေးဖို့ဆိုတဲ့နေရာမှာ သင့်လျော်မှုမရှိတဲ့အတွက် နည်းပညာ အရသာ ကြီးကြပ်ကူညီဆောင်ရွက်ပေးဖို့ ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနကို ပြန်ကြားအသိပေးခဲ့ပါတယ်။ ယခုအချင်းဖြစ်ရပ်အပေါ်မှာ သုံးသပ်ကြည့်မယ်ဆိုရင် ပြည်နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဒီလိုရန်ပုံငွေတင်ပြတောင်းခံပြီး

ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေကို ထပ်မံသုံးစွဲရမှာဖြစ်တဲ့အတွက် ဘဏ္ဍာရန်ပုံငွေ မလိုလားအပ်ဘဲ ထပ်မံကျခံရမယ့်အခြေအနေ ဖြစ်ပါတယ်။ စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက် အရလည်း စိမ်းစမ်းစိုကုမ္ပဏီအနေနဲ့ တည်ဆောက်ပြီးလုပ်ငန်းကို သုံးနှစ်အာမခံချက်ပေးရမှာ ဖြစ်တဲ့အတွက် ၎င်းကုမ္ပဏီအနေနဲ့ အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရန် ရှိမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုနှင့် စိမ်းစမ်းစို ကုမ္ပဏီကို လိုအပ်သလို အရေးယူဆောင်ရွက်ပြီး လုပ်ငန်းတန်ဖိုးငွေများ ပြန်လည်ပေးလျော်စေခြင်း သို့မဟုတ် အဆိုပါကုမ္ပဏီအား လုပ်ငန်းများ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ပေးရန် ကြီးကြပ် စီမံခြင်း စတဲ့နည်းလမ်းများနဲ့ ဆောင်ရွက်သင့်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့ အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကုမ္ပဏီအနေနဲ့ ပေါ့လျော့ပြီးဆောင်ရွက်ခဲ့တယ်။ ကိုယ့်အကျိုးစီးပွား အတွက် ဥဒါန်းတင်ပြီးဆောင်ရွက်ခဲ့တယ်ဆိုတာကို ဌာနရဲ့အစီရင်ခံစာမှာလည်း ပေါ်ပေါက်ပါတယ်။ ဌာနအနေနဲ့လည်း ဘာမှ လုပ်ငန်းတွေမပြီးပြတ်သေးခင်ကို ငွေအကုန်လုံးကို ထုတ်ပေးလိုက်တယ်။ အဲဒီမှာ ကျွန်တော်တို့ အဆင့်ဆင့်တင်ပြတဲ့အခါမှာ ပြည်နယ်အစိုးရက ဒီအပေါ်မှာ ကုမ္ပဏီကို ဖိအား ပေးပြီးတော့ လုပ်ခိုင်းမယ့်အစား နောက်လာမယ့်ဘတ်ဂျက်နှစ်တွေမှာ ဘဏ္ဍာငွေချပေးဖို့ ဆုံးဖြတ် ခဲ့တယ်။ ဒါတွေဟာ လုံးဝရိုးသားမှုမရှိတဲ့ လုပ်ရပ်တွေလို့ တင်ပြလိုပါတယ်။ အခု ဒါကိုလည်း ဝန်ကြီး ဌာနအနေနဲ့ အခုပြောတဲ့နေရာမှာ ပြည်နယ်အစိုးရရဲ့ဆုံးဖြတ်ချက်အတိုင်းမဟုတ်ဘဲနဲ့ ကုမ္ပဏီကိုပဲ လုပ်ခိုင်းဖို့တော့ ပြောတယ်။ ဒါပေမဲ့ အဲဒီဆုံးဖြတ်ချက်က ပြည်နယ်အစိုးရဆုံးဖြတ်ချက်လို့ ကျွန်တော် ယူဆပါတယ်။ ဒါပေမဲ့ ဒါကို ဘယ်တော့လောက် လုပ်ဆောင်ပေးမယ်ဆိုတာကလည်း ကျွန်တော်တို့အတွက် တော်တော့်ကိုအရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီရေငန်

တားတာတွေဆည်တယ်ဆိုတာ အချိန်နဲ့ ရာသီနဲ့လုပ်ရတဲ့ကိစ္စဖြစ်ပါတယ်။ ပြီးတော့ အောက်ခြေမှာ ဒီလုပ်ငန်းအတွက် ပွင့်လင်းမြင်သာမှုရှိအောင် ပြည်သူတွေကိုချပြဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒါတွေကို သွားပြီးတော့လုပ်တဲ့အခါမှာ ကျွန်တော်တို့ဘက်က ဌာနနဲ့ညှိနှိုင်းပြီးတော့လုပ်တယ်။ သက်ဆိုင်ရာကိုတင်ပြတယ်။ ဒါပေမဲ့ ဟိုက အချိန်ဆွဲပြီးတော့လုပ်နေတဲ့အခါမှာ နောက်ဆုံးဘယ်လိုဖြစ်လာလဲဆိုတော့ လွှတ်တော် ကိုယ်စားလှယ်တွေပဲ ကုမ္ပဏီနဲ့ပေါင်းပြီးတော့ နှစ်ပေါက်တစ်ပေါက်ရိုက်စားနေတဲ့ပုံစံမျိုး ကျွန်တော်တို့ အထင်ခံရတာတွေရှိတယ်။ ဒါကြောင့် ဒီကိစ္စကို အောက်ခြေပြည်သူတွေကို ရှင်းရှင်း လင်းလင်းသိအောင် ရှင်းပြဖို့လိုတယ်။ ရာသီအချိန်မီလည်း ဒီဟာကို ဆည်မယ်ဆိုရင်လည်း ဆည်ဖို့ ဘဏ္ဍာငွေလျော်ကြေးပေးမယ်ဆိုရင်လည်း ဝန်ကြီးဌာနကို ပြန်လျော်ပေးဖို့ ဒါတွေကလည်း လိုအပ် ပါတယ်။ ဒါကတစ်ကြောင်းပေါ့။ ဒါပေမဲ့ ကျွန်တော် ဒီမှာအဓိကတင်ပြတာကတော့ ဒီတာတမံ ပြီးမြောက်ရေးအတွက် ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ။ ဘာလို့လဲဆိုတော့ ရေငန်တားတာ တွေဆိုတာ တစ်မိုးကုန်ရင် တစ်မိုးရောက် သိမ်ဝကျုံ့ပြီးတော့၊ ချုံ့ပြီးတော့ နောက်သုံးနှစ်လောက်ဆို ရင် တာရိုးပါပျောက်သွားပါတယ်။ အဲဒီလိုဆိုတော့ အခုနှစ်နှစ်ကျော်လာပါပြီ။ လယ်သမားတွေက အခုအခြေအနေမှာ ကိုယ်ထူကိုယ်ထ ဒီဟာကို ပျက်စီးမခံချင်လို့ ဝိုင်းပြီးတော့လုပ်နေကြတာတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြတာက ဒီလျော်ကြေးပေးတဲ့ငွေဆိုတာကလည်း နိုင်ငံတော်ထဲကို ပြန်ရောက်သွားမှာပါ။ အဲဒီတော့ ကုမ္ပဏီနဲ့ သက်ဆိုင်ရာလယ်သမားတွေနဲ့ ညှိနှိုင်း ပေါင်းစပ်ပြီးတော့ ဒီတာတမံဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးမယ်ဆိုရင် နှစ်ဖက်နှစ်လမ်း အကျိုးရှိပါတယ်။ ကျွန်တော်တို့ကလည်း ဝိုင်းဝန်းပြီးတော့ ကူညီပါမယ်။ လယ်သမားတွေကလည်း စပြီးတော့ သူတို့ဆည်ဖို့နေကြပါပြီ။ ချောင်းတွေပိတ်ဖို့လည်း ကြိုးစားနေကြတယ်။ ဒါပေမဲ့ ဆင်းရဲတဲ့အတွက် လယ်သမားတွေမတတ်နိုင်ပါဘူး။ ဒါကို ဘယ်လိုကူညီဆောင်ရွက်ပေးမလဲဆိုတာ ကို သိရှိလိုခြင်းဖြစ်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကလည်းပဲ အင်မတန် လျော်ကန်သင့်မြတ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ မိမိသုံးသပ်တင်ပြချက်နဲ့အညီ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ကို ကုမ္ပဏီနဲ့ချုပ်ဆိုထားတဲ့ စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့အတွက်ကိုလည်းပဲ အသိပေးအကြောင်းကြား ဆောင်ရွက်မှာဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာ အကူအညီတွေကိုလည်းပဲ အချိန်အခါမီ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးသွားမှာလည်းဖြစ်ပါတယ်။ ယင်းနှင့် စပ်လျဉ်းပြီးတော့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ကို ဆက်လက်အသိပေးအကြောင်းကြား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါ တယ်။

**မိုင်းခတ်မြို့နယ်၊ မိုင်းနုံးကျေးရွာအုပ်စုရှိ(ခမ်းနွဲ့) ရေသွယ်မြောင်း ၁၁၅၀ ပေနှင့် ဝမ်ခုတ်ကျေးရွာအုပ်စု (ဖိုင်တင်း) ၁၀၃၀ ပေ ရေသွယ်မြောင်းတို့ကို စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ကျောက်စီနံရံထိန်းရေသွယ်မြောင်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစံကီကော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစံကီကော်(မိုင်းခတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းခတ်မြို့နယ်ဟာ တိုင်းရင်းသား လူမျိုးများစွာ စုပေါင်းနေထိုင်ကြသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ ပြည်သူများဟာ လယ်၊ တောင်ယာများစိုက်ပျိုးခြင်းဖြင့် အသက်မွေးကြပါတယ်။ ရေသွင်းလယ်စိုက်ကွက်များစွာရှိပါတယ်။ လုံလောက်သောစိုက်ပျိုးရေရရှိရန်အတွက် ရေသွင်းမြောင်းလက်တံများတူးဖော်ဆောင်ရွက်ထား ပါတယ်။ မိုင်းနုံးကျေးရွာအုပ်စုတွင် ခမ်းနွဲ့ရေသွယ်မြောင်းနှင့် ဝမ်ခုတ်ကျေးရွာအုပ်စုတွင် ဖိုင်တွင်း ရေသွယ်မြောင်းရှိကြပြီး ရှေ့ဘိုးဘေးစဉ်ဆက် တောင်သူလယ်သမားများက ကိုယ့်အားကိုယ်ကိုးဖြင့် တူးဖော်ထားခြင်းဖြစ်ပါတယ်။ ၎င်းရေမြောင်းများဟာ တောင်စောင်းနံရံများပေါ် ဖြတ်ကျော်ရခြင်း၊ သဲသောင်များဖြတ်သန်းစီးဆင်းခြင်း၊ မိုးတွင်းတွင် မြောင်းနံရံများပြိုကျခြင်းကြောင့် လယ်ယာမြေ အတွက် ရေလုံလောက်စွာမရရှိနိုင်ပါဘူး။ ရေများအလဟဿ ပျက်စီးဆုံးရှုံးနေရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျောက်စီနံရံခင်းရေသွယ်မြောင်းအဖြစ် ဆောင်ရွက်ပေးပါက နွေစပါးကိုလည်း စိုက်ပျိုးနိုင်မည်ဖြစ်ပါတယ်။ စပါးလိုအပ်မှုကြောင့် တောင်တန်း၊ လျှိုမြောင်များမှ အပင်များ ခုတ်ထွင်ပြီး စပါးစိုက်ပျိုးလာတာကိုလည်း တွေ့မြင်ရပါတယ်။ နွေစပါးစိုက်ပျိုးပြီး စပါးရရှိလာပါက တောင်ယာလုပ်ငန်းကို လျှော့ချပေးနိုင်မှာလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းမှာ မိုင်းနုံးကျေးရွာအုပ်စု ခမ်းနွဲ့ရေသွယ်မြောင်းဟာ ၁၁၅၀ ပဲ ဖော်ပြထားပါတယ်။ ဒါပေမဲ့ အမှန်တကယ်ကတော့ ၁၁၅၀၀ ဖြင့် ပြင်ဆင်ပေးနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးကို ကျွန်တော်မေတ္တာရပ်ခံပါတယ်။ ဝမ်ခုတ်ကျေးရွာအုပ်စု ဖိုင်တင်းရေမြောင်းကလည်း ၁၀၃၀ ပဲ ဖော်ပြထားပါတယ်။ ၁၃၅၀၀ ဖြင့် ပြင်ဆင်ပေးပါရန်လည်း မေတ္တာရပ်ခံလိုပါတယ်။ ဒီအထက်ပါရေမြောင်းနှစ်ခုအား မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကိုလည်းကောင်း၊ ဆောင်ရွက်မပေးနိုင်ဘူးဆိုရင်လည်း ဘာကြောင့်လဲဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစဲကီကော်ရဲ့ မိုင်းခတ်မြို့နယ်အတွင်း စိုက်ပျိုးရေ လုံလောက်စွာရရှိဖို့အတွက် ကျောက်စီနံရံထိန်းရေသွယ်မြောင်း ဆောင်ရွက်ပေးမယ့်အစီအစဉ်နဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မှာရှိတဲ့ မိုင်းနုံးကျေးရွာအုပ်စုရှိ ခမ်းနွဲ့ ရေလွှဲဆည်ကို ၂၀၁၇-၂၀၁၈ ခုနှစ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေနဲ့ ပြုပြင်တည်ဆောက်ပေး ခဲ့ပါတယ်။ ဝမ်ခုတ်ကျေးရွာအုပ်စုမှာရှိတဲ့ ဖိုင်တင်းရေလွှဲဆည်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် က ပြည်နယ်အစိုးရရန်ပုံငွေနဲ့ပဲ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အခိုင်အမာ ပြုပြင်တည်ဆောက်ပေးခဲ့ပါတယ်။ ခမ်းနွဲ့ရေလွှဲဆည်နှင့်အတူ ဆက်စပ်တူးဖော်ပေးထားတဲ့ ရေမြောင်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းမှာပါသွားသလိုပါပဲ။ အလျားပေ ၁၁၅၀၀ ခန့် ရှည်ပါတယ်။ လယ်မြေဧက ၂၂၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ အလားတူ ဖိုင်တင်း ရေလွှဲဆည်နှင့်အတူ ဆက်စပ်တူးဖော်ထားတဲ့ ရေပေးမြောင်းဟာလည်းပဲ အလျားပေ ၁၃၅၀၀ ရှည်ပြီးတော့ လယ်မြေဧက ၂၅၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။

အဆိုပါရေပေးမြောင်းတွေဟာ မြေမျက်နှာပြင်အနိမ့်အမြင့်အခြေအနေအရ တောင်ကမ်းပါး အခြေကပတ်ပြီးတူးဖော်ထားရတဲ့အတွက် မိုးရာသီမှာရေတိုက်စားပြီးတော့ တောင်ကမ်းပါးရဲ

မြေသားပြိုကျတဲ့အတွက် မြောင်းပိတ်ဆို့မှုများဖြစ်ပေါ်မှုရှိပါတယ်။ ဒါကြောင့်တောင်သူတွေအနေနဲ့ နှစ်စဉ်ပြုပြင်ရလျက်ရှိပြီးတော့ စိုက်ပျိုးရေအခက်အခဲတွေလည်း ဖြစ်ပေါ်လျက်ရှိတဲ့အတွက် ကျောက်စီရေမြောင်းဖြင့် အခိုင်အမာပြုပြင်တည်ဆောက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ လုပ်ငန်းများ အကောင်အထည်ဖော်ဖို့ဆိုရင် ခမ်းနွဲ့ရေပေးမြောင်းအတွက် ခန့်မှန်းကုန်ကျငွေက ကျပ် ၈၅ သန်းနဲ့ ဖိုင်တင်းရေပေးမြောင်းအတွက် ခန့်မှန်းကုန်ကျငွေက ကျပ် ၇၅ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၁၆၀ ခန့် ကုန်ကျမှာဖြစ်ကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ငန်းတွေအတွက် ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း လွှတ်တော် ကတိကဝတ်လုပ်ငန်းများပြားပြီး ရန်ပုံငွေလိုအပ်ချက်တွေကလည်း များပြားတဲ့အခြေအနေရှိတဲ့ အလျောက် ဦးစားပေးလုပ်ငန်းအစီအစဉ်အရ ဘဏ္ဍာရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး လျာထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆောင်ရွက်ပေးနိုင်မယ့်ဘဏ္ဍာရေးနှစ်ကို ဖော်ပြရန်အခက်အခဲရှိသော်ငြားလည်းပဲ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အတွင်းဦးစားပေးလုပ်ငန်းအစီအစဉ်တွေအရ ရန်ပုံငွေ ထည့်သွင်းလျာထားဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရမှုအပေါ် မူတည်ပြီး လုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ် ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စု၊ ဖိုင်ပါဆန်ဆည် ရေတားဆည်တမံအသစ်တစ်ခုနှင့် ဆည်ရေသွင်းမြောင်းအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၅ ရွာမှ လယ်မြေဧက ၅၆၀ အတွက် အသုံးပြုလျက်ရှိသော ဖိုင်ပါဆန်ဆည်သည် နုန်းမြေများအနည်ပို့ချပြီး နုန်းများမြင့်တက်လာကာ ဆည်ရေခန်းခြောက်လာပါသဖြင့် လယ်ယာလုပ်ကိုင်သူရွာသူရွာသားများ အခက်ကြုံနေရကြောင်း တင်ပြလာသဖြင့် သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ရေတားဆည်တမံအသစ်တစ်ခုနှင့် ဆည်ရေသွင်းမြောင်းအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ရွာသူရွာသားများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ ကတ်တောင်ကျေးရွာအတွင်းရှိ ရန်းဆော်ရွာ၊ ဝမ်ကန်းရွာ၊ ဝမ်ငန်းရွာ၊ ဝမ်ညီးရွာ၊ ဝမ်ကွမ်းရွာ၊ ကတ်တောင်ရွာ၊ ပင်းတောက်ရွာ၊ ဝမ်ညည်းရွာ၊ နမ့်လိန်းရွာ၊ နမ့်လိန်မိုင်ရွာ၊ နမ့်လိန်းဝရွာ၊ နမ့်လိန်းကော်ရွာ၊ ဝမ်လောင်ရွာ၊ ဝမ်ကိုသစ်ရွာ၊ ဝမ်ကာရွာများမှ ရွာသူရွာသားများသည် ဖိုင်ပါဆန်ဆည်ရေကို အသုံးပြုလျက် လယ်ယာလုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ဖိုင်ပါဆန်ဆည်သည် နုန်းမြေများအနည်ပို့ချပြီး နုန်းမြေများမြင့်တက်လာကာ ဆည်ရေခန်းခြောက်လာပါသဖြင့် ရွာသူရွာသားများ လယ်ယာလုပ်ကိုင်သည့်ရာသီချိန်တွင် လယ်ယာလုပ်ကိုင်၍မရတော့ကြောင်း လယ်ယာလုပ်ငန်းမလုပ်ကိုင်နိုင်တဲ့ ထမင်း၊ ဆန်ရေစပါး၊ ကောက်ပဲသီးနှံများအထွက်နှုန်း ကျဆင်းကာ ဒုက္ခရောက်နေကြောင်း လယ်မြေဧက ၅၆၀ ၏ပိုင်ရှင် ၁၄၇ ဦးမှ လက်မှတ်ရေးထိုးလျက် တင်ပြလာသဖြင့် သိရှိရ

ပါတယ်။ ရွာသူရွာသားများရဲ့ အမည်နှင့်ယှဉ်တွဲလက်မှတ်ရေးထိုးတင်ပြစာကိုလည်း ပူးတွဲတင်ပြခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖိုင်ပါဆန်ဆည်အား ရေတားဆည်တမံအသစ်တစ်ခုပြုလုပ်ပေး၍ ဆည်ရေသွင်းမြောင်း ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ရွာသူရွာသားများ၏ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့မေးခွန်းအပေါ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ ကတ်တောင် ကျေးရွာအုပ်စု၊ ရန်းဆော်ကျေးရွာသည် နမ့်လိန်းချောင်းပေါ်မှာ ဒေသတံတောင်သူတွေရဲ့ အစီအစဉ်နဲ့ သစ်၊ ဝါးတွေအသုံးပြုပြီး ယာယီရေလွှဲဆည်တစ်ခု တည်ဆောက်ထားပါတယ်။ အဲဒီ ယာယီရေလွှဲဆည်ရဲ့ ရေသွယ်မြောင်းကနေတစ်ဆင့် မိုးစပါးစိုက်ဧက ၅၆၀ ခန့်ကို စိုက်ပျိုးရေ ရယူလျက်ရှိပါတယ်။ ရေလွှဲဆည်ဟာ မိုးရာသီမှာ ချောင်းရေတိုက်စားစီးဆင်းမှုကြောင့် ကျိုးပေါက် ပျက်စီးတတ်တဲ့အတွက် နှစ်စဉ်ပြုပြင်ဆောင်ရွက်လျက်ရှိတဲ့အပြင် စိုက်ပျိုးရေအခက်အခဲများ လည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။ ယာယီရေလွှဲဆည်ကို အခိုင်အမာတည်ဆောက်ပေးဖို့ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိအခြေအနေကို ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ တည်ဆောက်ရေးပစ္စည်းတွေ သယ်ယူပို့ဆောင်ဖို့အတွက် လုပ်ငန်းခွင်အဝင်/အထွက်လမ်းကို

လယ်မြေတွေကို ဖြတ်သန်းဖောက်လုပ်ရမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လယ်မြေများ ထိခိုက်ပျက်စီးနိုင်တဲ့အပြင် လုပ်ငန်းခွင်အရောက် သယ်ယူစရိတ်များပြားစွာ ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခိုင်အမာ ရေလွှဲဆည်တည်ဆောက်ရန် သင့်လျော်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိစိုက်ပျိုးရေရယူနေတဲ့ နမ့်လိန်းချောင်းရေဟာ တောင်သူတွေ ယခုတည်ဆောက်ထားတဲ့ ယာယီရေလွှဲဆည်ရဲ့ အထက်ဘက် ပေ ၃၀၀ အကွာမှာရှိတဲ့ သဘာဝရေတံခွန်ကနေ စအပြုစီးဆင်းနေတာဖြစ်ပါတယ်။ ရေတံခွန်က စီးဆင်းရေကို ရှစ်လက်မအချင်း သံမဏိပိုက်ရေတံလျှောက်ဖြင့် ရေသွယ်မြောင်းအတွင်းသို့ တိုက်ရိုက်ရေသွယ်ပြီး စိုက်ပျိုးရေပေးဝေခြင်းနည်းလမ်းက ပိုမိုသင့်လျော်မှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အလျားပေ ၂၀၀၊ အချင်းရှစ်လက်မအချင်း ရေတံလျှောက်တည်ဆောက်ခြင်းနဲ့ ရေသွယ်မြောင်းရဲ့ လိုအပ်တဲ့အပိုင်းတွေမှာ ကျောက်စီမြေထိန်းနံရံများ ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်မယ်ဆိုရင် ဒေသနေတောင်သူတွေရဲ့ အခက်အခဲကို ကုန်ကျစရိတ်ကို ထိရောက်စွာ သုံးစွဲကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေအားဖြင့် ကျပ်သန်း ၆၀ ခန့်ကုန်ကျမှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် အဆိုပါလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ လိုအပ်ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်အတွင်း ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံသွားမှာ ဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အဆိုပါတင်ပြတဲ့နှစ်အတွင်း ရန်ပုံငွေခွဲဝေရရှိခြင်းမရှိခဲ့ပါကလည်း နောင်ဘဏ္ဍာရေးနှစ်များမှာ ဆက်လက်တင်ပြတောင်းခံ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

မူကြမ်း

**၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေအရ အပြစ်ပေးနိုင်ရန်အလို့ငှာ နည်းဥပဒေကိုပြင်ဆင်ခြင်းနည်း သို့မဟုတ် တရားစွဲဆိုမည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို တာဝန်ပေးအပ်ခြင်းနည်းနှစ်မျိုးမှ တစ်မျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် အစည်းအဝေး ခန်းမအတွင်းမှာရှိကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးလိုသောမေးခွန်းမှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေအရ အပြစ်ပေးနိုင်ရန်အလို့ငှာ နည်းဥပဒေကိုပြင်ဆင်ခြင်း သို့မဟုတ် ပြည်ထောင်စု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တရားစွဲဆိုမည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တာဝန်ပေးခန့်အပ်ခြင်းနှစ်မျိုးမှ တစ်မျိုးမျိုးကို ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ မဲဆန္ဒရှင်များကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါသည်ဟူ၍ ဖြစ်ပါတယ်။

ဒီမေးခွန်းမေးဖို့အတွက် ဖြစ်လာရခြင်းကို ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ကျိုက္ခမီမြို့၊ မြမာလာကျေးရွာမှာ လယ်သမားတစ်ဦးထံကနေပြီးတော့မှ လယ်ကိုလူတစ်ယောက်က ဝယ်ပြီး အခြားနည်းသုံးစွဲခွင့်ကို မလျှောက်ထားဘဲနဲ့ မန်ကျင်းရှားပင်တွေစိုက်ပါတယ်။ ကျန်လယ်များ က လောင်းရိပ်မိကုန်တဲ့အတွက်ကြောင့် စပါးအထွက်နှုန်းတွေ ကျဆင်းကုန်ပါတယ်။ ဒါကြောင့် လယ်သမားထဲက ဦးညာဏ်ပါ လယ်သမားကိုးဦးကနေပြီးတော့မှ ၂၀၁၄ ခုနှစ်ကစပြီးတော့ တိုင်ကြားခဲ့တာဟာဆိုရင်ဖြင့် ဌာနကုန်၊ လူကုန်ပြီဆိုပြီးတော့မှ ကျွန်တော့်ဆီကို လာရောက်တင်ပြ

ပါတယ်။ အဲဒီအပြင်ကို နိုင်ငံတော်၏အတိုင်ပင်ခံရဲ့ ၂၀၁၉ ခုနှစ် ဧပြီလ မော်လမြိုင်ခရီးစဉ်မှာ သူတို့အထဲက ကိုဇော်ဆိုသူက နုတ်ဖြင့်တိုင်ကြားမှုပြုခဲ့ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးမှ သတိပေးစာသုံးကြိမ်ထုတ်ပြီးတော့ မန်ကျင်းရှားပင်များကို ဖယ်ရှားခိုင်းပါတယ်။ သို့သော် လိုက်နာမှု မရှိတဲ့အတွက် တရားစွဲဆိုရမယ့်အချိန်ကျတော့ တရားစွဲဆိုခြင်းမပြုရကောင်းလားဆိုပြီးတော့ လာရောက်တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကနေပြီးတော့မှ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ပေါင်းစပ်ညှိနှိုင်းရာမှာတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့သက်ဆိုင်တဲ့ အရေးကိစ္စဖြစ်နေကြောင်း တွေ့ရှိရတာဖြစ်တဲ့အတွက်ကြောင့် အခုလိုမေးခွန်းမေးဖို့အတွက် ဖြစ်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ကိုကျူးလွန်ပါက ပုဒ်မ ၁၉ အရ ဒဏ်ရိုက်ခြင်းနှင့် နှင်ထုတ်ဖယ်ရှားခြင်းတွေပြုနိုင်ပြီးတော့ ပုဒ်မ ၂၀ အရ မလိုက်နာခဲ့သည်ဟုဆိုရင် တရားရုံးကို ကျွန်တော်တို့ တရားစွဲတင်ပို့ရပါတယ်။ သို့သော်လည်းပဲ တရားစွဲရန် တရားလိုပြုရမယ့် အဖွဲ့အစည်းက ဥပဒေပုဒ်မ ၂၀ အရရော၊ နည်းဥပဒေ ၁၀၀ အရပါ ပြဋ္ဌာန်းချက်အရဆိုရင် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးခန့်အပ်သောလယ်/စီအဖွဲ့လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါပေမဲ့လို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ဌ)အရတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုဆိုလိုကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ လက်ရှိဖွဲ့စည်းထားတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီတွေက ဝန်ကြီးဌာနကဖွဲ့တာမဟုတ်ဘဲနဲ့ ဗဟိုလယ်/စီကနေပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်အရ အမိန့်ကြော်ငြာစာ(၁/၂၀၁၆) ၂၈-၁၀-၂၀၁၆ ရက်စွဲဖြင့် ဖွဲ့စည်းပေးထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တရားလိုလုပ်ရမယ့်အဖွဲ့အစည်းသည် ဥပဒေမှာဖော်ပြထားတဲ့အတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ပြည်ထောင်စုဝန်ကြီးဌာနက ခန့်အပ်တဲ့လူတွေဖြစ်မနေတဲ့အတွက်ကြောင့် သူတို့အနေနဲ့ တရားစွဲဆိုဖို့ရောက်တဲ့အချိန်တွေမှာ အထက်ကိုပဲ ပြန်ပြီးတော့ အစီရင်ခံစာတင်ပြနေကြရတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့် အဲဒီလိုမျိုး တရားစွဲဆို

နိုင်ဖို့အတွက်ကို ရှိပြီးသားလယ်/စီကို တရားလိုပြုလုပ်စေဖို့အတွက် နည်းဥပဒေ ၁၀၀ ကိုပြင်မလား၊ ဒါမှမဟုတ်လို့ရှိရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုပဲ အစီရင်ခံစာတင်ပြ၊ အဲဒီကနေပြီးတော့မှ အမိန့်ညွှန်ကြားချက်နဲ့ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီကို အသစ်ထပ်ဖွဲ့ပြီးတော့ တရားလိုပြုလုပ်စေမလားဆိုတဲ့လမ်းနှစ်သွယ်ဖြစ်ပေါ်လာပါတယ်။

ဒါကြောင့် တစ်နိုင်ငံလုံးမှာလည်းပဲ ဘာတွေဖြစ်လဲဆိုရင် တိုင်တာပဲ၊ တင်ပြတာပဲ၊ ဘာမှလည်းဖြစ်မလာဘူးဆိုပြီးတော့မှ အုပ်ချုပ်သောအဖွဲ့အစည်းကိုလည်းပဲ အထင်အမြင်လွဲမှားမှုတွေဖြစ်နေတာ တွေ့ရှိရပါတယ်။ ဒီအချက်ကိုလည်းပဲ ကုစားဖို့နဲ့နောင်ကိုလည်းပဲ ပြည်သူတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့အတွက်ဆိုပြီးတော့ ရည်စူးပြီးကျွန်တော်ဒီမေးခွန်းကို ကြယ်ပွင့်ပြပြီးတော့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အခုလိုမျိုးမေးမြန်းခွင့်ရတဲ့အတွက်လည်းပဲ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ရုံး အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ မေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ရှင်းလင်းဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ သိရှိရတာက သံဖြူဇရပ်မြို့နယ်၊ ကျိုက်ခမီမြို့မှာနေတဲ့ဦးဉာဏ်ပါ

ကိုးဦးတို့က တင်ပြထားတဲ့ မြမာလာကျေးရွာအုပ်စု ကွင်းအမှတ်(၉၀၈) သိန်ကွင်း၊ ဧရိယာ ၂၉.၄၅၇ အပေါ်မှာ ခွင့်ပြုချက်မရှိဘဲ အိမ်ကွက်တွေဖော်ဆောင်ထားမှု၊ မန်ဂျင်းရှားပင်များ စိုက်ပျိုးထားမှု၊ စပါးမစိုက်ဘဲ နှစ်ရှည်ကာလလှပ်ထားမှု အဆိုပါအနေအထားများဟာဆိုရင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါစည်းကမ်းချက်တွေနဲ့ ကိုက်ညီမှုမရှိတဲ့အတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားရန် ရှိမှာဖြစ်ကြောင်း ဦးစွာဖြေကြားလိုပါတယ်။

တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာ ရမယ့်စည်းကမ်းချက်တွေကို ပုဒ်မ ၁၂ နဲ့ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်တွေကို ပျက်ကွက်ရင်၊ မလိုက်နာရင် လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ သတ်မှတ်တဲ့ဒဏ်ကြေးငွေကို ပေးဆောင်ရပါမယ်။ သတ်မှတ်ထားတဲ့ နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။ လယ်ယာမြေအပေါ်မှာ နှင်ထုတ်ထိုက်သူတွေကို နှင်ထုတ်ပြီးတော့ လယ်ယာမြေ ပေါ်မှာ ခွင့်ပြုချက်မရှိဘဲ ဆောက်ထားတဲ့အဆောက်အအုံတွေ ဖယ်ရှားခြင်းတို့ကို ဝန်ကြီးဌာနက ခန့်အပ်တဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ် စီမံခန့်ခွဲဆောင်ရွက်သွားနိုင်တယ်လို့ ဥပဒေအရ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလိုပါပဲ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်တွေ လိုက်နာခြင်းမရှိတဲ့ကိစ္စရပ်နဲ့စပ်လျဉ်းပြီး ခွင့်ပြုချက်မရှိဘဲ ကျူးလွန် ဆောင်ရွက်နေသူကို အရေးယူဆောင်ရွက်နိုင်ဖို့အတွက် စည်းကမ်းချက်လိုက်နာရန် ပျက်ကွက်မှု ဖြစ်ပေါ်တည်ရှိရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို တည်ဆဲလယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ ခန့်အပ်တာဝန်ပေးလိုက်ကြောင်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

မူကြမ်း

သို့ဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ကို ဖောက်ဖျက်ကျူးလွန်သူတွေကို ဥပဒေအရ အပြစ်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားရန် ရှိမည်ဖြစ်ပါတယ်။ မည်သည့်လယ်ယာမြေအပေါ်မှ ကျူးလွန်သူမှန်သမျှကို အရေးယူနိုင်ဖို့ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ရဲ့ ခြေဆင်းမှာပြဋ္ဌာန်းထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည်ဆိုတဲ့ စကားရပ်အား မည်သူမဆို ဆိုတဲ့စကားရပ်နဲ့ပြင်ဆင်နိုင်ရေးအတွက်ကိုလည်းပဲ ပြင်ဆင်ပြဋ္ဌာန်းမယ့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမှာ ထည့်သွင်းပြီးတော့ စီမံဆောင်ရွက်ထားရှိတဲ့အခြေအနေဖြစ်ပါတယ်။ ယင်းဥပဒေကိုလည်းပဲ လွှတ်တော်ကို တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ အခုလိုမျိုးဖြေကြားပေးတဲ့အတွက်ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို အထူးပဲကျေးဇူးတင်ရှိအပ်ပါတယ်။ ကျွန်တော် ဒီနေရာမှာ ဆက်စပ်မေးခွန်းအနေနဲ့ တင်ပြမေးမြန်းစရာတစ်ခုရှိပါတယ်။ ခုန ကျွန်တော် အရှေ့ပိုင်းမှာတင်ပြခဲ့သလိုမျိုး တရားစွဲဆိုဖို့အတွက်ကို ဥပဒေနဲ့ညီတဲ့ တရားလိုအဖွဲ့အစည်း ဖော်ထုတ်ပြီးတော့စွဲတယ် ဖြစ်စေဦး။ ဘာတစ်ခုတွေ့ထားတာလဲဆိုရင် လယ်ယာမြေဥပဒေကို ဖောက်ဖျက်ကျူးလွန်နေတဲ့သူက တော်တော်ပါးပါးနပ်နပ်ရှိတာ တွေ့ရှိရပါတယ်။ အခုပြဿနာမှာဆိုရင်လည်းပဲ မန်ဂျင်းရှားပင်တွေကို ခွင့်ပြုချက်မရဘဲနဲ့ စိုက်လိုက်တဲ့ပုဂ္ဂိုလ်က လယ်ကိုသာဝယ်လိုက်တယ်။ မူလလယ်သမားရဲ့နာမည်နဲ့ပဲ သူပြန်ထားထားတယ်။ ကျွန်တော်တို့ ဒါကို တရားစွဲဆိုဖို့ဖြစ်လာတဲ့အချိန်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ စာရွက်စာတမ်းတွေအရဆို မူလလယ်သမားကိုပဲ တရားပြန်စွဲရမလိုဖြစ်နေပါတယ်။ ဒါကိုလည်းပဲ ဘယ်လိုမျိုးဆက်ပြီးတော့ ဖြေရှင်းပေးနိုင်မလဲ ဆိုတာလေးကို နောင်ဖြစ်ပေါ်လာနိုင်တဲ့ အဲဒီလိုမျိုး ပါးပါးနပ်နပ်လူတွေရဲ့ ဥပဒေလက်တစ်လုံးကြား

ဆောင်ရွက်မှုတွေကနေ ဖြေရှင်းနိုင်ဖို့အတွက်ကို ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာန ဖြေကြားနိုင်က ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ လတ်တလောအနေအထားအရ ဖြစ်ပေါ်တဲ့အခြေအနေပေါ် တည်ပြီးတော့ ဖြေကြားပါ့မယ်။ ဒီလိုအားနည်းချက်တွေရှိတဲ့အလျောက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့စပ်လျဉ်းပြီးတော့မှ ဒါတွေကို ပြန်လည်ပြုပြင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကိုလည်း တင်ပြထားပြီးသားလည်းဖြစ်ပါတယ်။ လက်ရှိလတ်တလောအနေအထားအရ ဖြစ်ပျက်နေတဲ့အနေအထားတွေပေါ်မှာ ဥပဒေနဲ့အညီ စီမံခန့်ခွဲဆောင်ရွက်သွားနိုင်ဖို့အတွက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှိပါတယ်။ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို စိစစ်ဆောင်ရွက်သွားနိုင်ဖို့အတွက်လည်းပဲ ဆက်စပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့(၅-၁၁-၂၀၁၉ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၁၁-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယင်းဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၁၀)ချက်ကိုသဘောတူသင့်ကြောင်း၊ ထပ်မံပြင်ဆင်ချက်(၃)ချက်ရှိကြောင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်လေးချက်ရှိကြောင်း တင်ပြလာပါတယ်။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်(၁၀)ချက်ကို တင်ပြဖို့ဥပဒေကော်မတီကို ဖိတ်ခေါ်ပါတယ်။

မူကြမ်း

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်များကိုတင်သွင်း သွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အင်္ဂါနေ့ဖြစ်သည့် ၆-၈-၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၉-၉-၂၀၁၉ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်းအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၅-၁၁-၂၀၁၉ ရက်နေ့ အင်္ဂါနေ့တွင် လွှတ်တော်သို့အသိပေး တင်ပြခဲ့ပြီး ပြင်ဆင်ချက်များအပေါ် အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ၇-၁၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီးတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက် အဆိုတင်သွင်းသူတစ်ဦးမျှမရှိပါ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉-၁၁-၂၀၁၉ ရက်(အင်္ဂါနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့

ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အချက်(၁၀)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ကန့်လန့်ဖြတ်ဇယားကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၁၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီက လက်ခံတဲ့ပြင်ဆင်ချက်ကိုပဲ အတည်ပြုလက်ခံဖို့လိုအတွက် ပြောကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့အချက်(၁၀) ချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြထားတဲ့အချက်(၁၀) ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ ၏ ထပ်မံပြင်ဆင်ချက်(၃)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ် ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းညှိနှိုင်းအစည်း အဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ထပ်မံ ပြင်ဆင်ရန် တင်ပြချက်(၃)ချက်ရှိပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကိုလည်း ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၃)ချက်ကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂မှ၃ | ၇ | အပိုဒ် ၈ အပိုဒ်ခွဲ (က) |
| (ခ) | ၄ | ၉ | အပိုဒ် ၁၀ အပိုဒ်ခွဲ (စ) |
| (ဂ) | ၆ | ၁၄ | အပိုဒ် ၂၄ |

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ရန် တင်ပြထားတဲ့ ပြင်ဆင်ချက်များကို လက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ ၏ထပ်မံပြင်ဆင်ချက်(၃)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃) ချက်ကို ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူတဲ့ အချက်(၄)ချက်ကို တင်ပြဖို့ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၃ | အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃)၊ |
| (ခ) | ၅ | ၁၁၊၁၂ | အပိုဒ် ၁၅ ခေါင်းစဉ်၊ အပိုဒ်ခွဲ (ဂ) |
| (ဂ) | ၆ | ၁၃ | အပိုဒ် ၂၃ |

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအတိုင်း ဆက်လက်ထားရှိမည့် အချက်(၄)ချက်ရှိပါတယ်။ အချက်(၄)ချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၄)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း လက်ခံပါကြောင်း ပြောကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၄)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင် အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၄)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်(၃)ချက်နှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိသင့်သည့် အချက်(၄)ချက် စုစုပေါင်း (၇)ချက်ကို လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့ အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို ၆-၈-၂၀၁၉ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသား လွှတ်တော်မှလည်းပဲ ၁၉-၉-၂၀၁၉ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက် များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်(၃)ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၄)ချက် စုစုပေါင်းအချက်ခုနစ်ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထား ကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါသောကြောင့် ထိုသို့သဘောထားကွဲလွဲတဲ့အချက်(၇)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ တင်ပြခဲ့တဲ့ (၇)ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက နှစ်ပတ်လည်အစီရင်ခံစာတင်ပြဖို့ ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းတန်(အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့တာဝန်ပေးချက်အရ ပြည်သူ့ငွေစာရင်းကော်မတီရဲ့နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းမယ့်ကော်မတီဝင် လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေပြီးဖြစ်တဲ့အတွက် အပိုင်းခြောက်ပိုင်းခွဲပြီး အကျဉ်းချုပ်တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၄) ဥပဒေပြုရေးပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့ငွေစာရင်းကော်မတီအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးကို ပြည်သူ့လွှတ်တော်ရုံးရဲ့ ၅-၂-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီ့အပြင် ပြည်သူ့လွှတ်တော်ရဲ့

၁၆-၂-၂၀၁၆ ရက်စွဲပါအမိန့်အမှတ်(၁/၂၀၁၇)ဖြင့်လည်းကောင်း၊ ၆-၃-၂၀၁၉ ရက်စွဲပါအမိန့်အမှတ်(၂/၂၀၁၉)ဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား လေ့လာသူအဖြစ်တာဝန်ပေးခဲ့ပြီး လက်ရှိမှာ ကိုယ်စားလှယ် ၁၇ ဦးဖြင့် ကော်မတီလုပ်ငန်းများ၊ တာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယပိုင်းအနေနဲ့ ပြည်ထောင်စုလွှတ်တော်နာယကသည် လွှတ်တော်က တာဝန်ပေးအပ်သောငွေစာရင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၁ တို့နှင့်အညီ လွှတ်တော်ရဲ့သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ ၁-၂-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)ဖြင့်လည်းကောင်း၊ ၂၆-၅-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂၈/၂၀၁၇)ဖြင့်လည်းကောင်း၊ ၂၈-၅-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၃၂/၂၀၁၈)ဖြင့်လည်းကောင်း၊ ၂၉-၁-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၉)ဖြင့်လည်းကောင်း ပြည်သူ့ငွေစာရင်းကော်မတီမှ အဖွဲ့ဝင်ခုနစ်ဦးအား ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှာ ထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။

တတိယပိုင်းအနေနဲ့ ကော်မတီရဲ့သက်တမ်းဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့သက်တမ်းဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ ပြဋ္ဌာန်းချက်အရ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပြဋ္ဌာန်းချက်အရ ဥက္ကဋ္ဌသည် ကော်မတီရဲ့သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်ဟု ဖော်ပြထားပါတယ်။ စတုတ္ထပိုင်းအနေနဲ့ ကော်မတီရဲ့အစည်းအဝေးများကျင်းပနိုင်မှုအခြေအနေကို တင်ပြပါ့မယ်။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီအစည်းအဝေးကိုးကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်အဖွဲ့ချုပ်ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့အရ/အသုံးခန့်မှန်းခြေငွေစာရင်း

များနှင့်စပ်လျဉ်းတဲ့စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ဥပဒေပါ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့တည်ဆောက်ရေးလုပ်ငန်းများ နဲ့စပ်လျဉ်းတဲ့အစီရင်ခံစာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့နောက်ထပ်ဘဏ္ဍာခွဲဝေ သုံးစွဲရေးဥပဒေကြမ်းများနှင့် ကော်မတီရဲ့ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များအား ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ စိစစ်ရမယ့်ဥပဒေသုံးခုရှိပါတယ်။ ကော်မတီ၏ ဆောင်ရွက်ချက်များအနေနဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ၃၀-၁-၂၀၁၉ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅/၂၀၁၉)ဖြင့် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုရဲ့ ရ/သုံးမှန်းခြေ ငွေစာရင်းအားစိစစ်ရာမှာ ပိုမိုထိရောက်အောင် စိစစ်နိုင်ရေးအတွက် ပြည်သူ့ ငွေစာရင်းပူးပေါင်းကော်မတီကိုယ်စားပြုအနေနဲ့ ပြည်သူ့ငွေစာရင်းကော်မတီဝင်များကို စိစစ်ရေး ပူးပေါင်းအဖွဲ့များမှာ ပါဝင်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး အစီရင်ခံတဲ့ကာလ အတွင်း ကော်မတီဝင်များအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း ၂၀ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၃၂ ခု မေးမြန်း နိုင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်မှာ အဆိုထောက်ခံဆွေးနွေးမှုနဲ့ ဥပဒေကြမ်းများအပေါ် ဆွေးနွေး မှု ၃၆ ခု၊ အစီရင်ခံစာအပေါ်ဆွေးနွေးမှု ၁၆ ခုတို့ကို ပါဝင်ဆွေးနွေးနိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ အစီရင်ခံသည့်ကာလအတွင်း သီးခြားအစီရင်ခံစာမတင်သွင်းနိုင်ခဲ့သော်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့် နဝမ ပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာလေးစောင်၊ ဒသမပုံမှန်အစည်းအဝေးတွင် ငါးစောင်၊ (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေးတွင် လေးစောင်၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ခြောက်စောင် စုစုပေါင်း အစီရင်ခံစာ ၁၉ စောင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါတယ်။ အစီရင်ခံတဲ့ ကာလအတွင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ပြည်ထောင်စုလွှတ်တော် သို့ တင်သွင်းသည့် အစီရင်ခံစာများပြုစုရာမှာ လွှတ်တော်နှစ်ရပ်ရဲ့ ကျန်ပြည်သူ့ငွေစာရင်းကော်မတီများအားလုံး

ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောင်တွင်းလည်းပဲ ယခုထက်ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

ပဉ္စမပိုင်းအနေနဲ့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့ရဲ့ ပြည်တွင်းပြည်ပအစည်းအဝေးများနှင့်ဆက်သွယ်ဆောင်ရွက်မှုအခြေအနေများအား ဆက်လက်တင်ပြပါမယ်။ အစီရင်ခံတဲ့ကာလအတွင်း ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှဆောင်ရွက်သည့် Workshop၊ Seminar တက်ရောက်ခြင်း၊ ၄၆ ကြိမ် ပြည်ပခရီးစဉ်များအနေနဲ့ နိုင်ငံပေါင်းနှစ်နိုင်ငံကို ကိုယ်စားလှယ်နှစ်ဦးဖြင့် သွားရောက်ခဲ့ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီဟာ ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင်ပါဝင်ဆောင်ရွက်မှုအနေနဲ့ အစီရင်ခံသည့်ကာလအတွင်းအစည်းအဝေးပေါင်း ၇၅ ကြိမ်၊ တွေ့ဆုံမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲ ရှစ်ကြိမ် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆဋ္ဌမပိုင်းမှာတော့ ပြည်သူ့ငွေစာရင်းကော်မတီ အဓိကလုပ်ငန်းတာဝန်များမှာပြည်ထောင်စုစာရင်းစစ်ရဲ့အစီရင်ခံစာကိုစိစစ်ရမှာဖြစ်ပါတယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၁ နှင့် ၁၀၃ ပြဋ္ဌာန်းချက်ပါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် ပူးပေါင်းကော်မတီရဲ့တာဝန်သတ်မှတ်ချက်များအရလည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့လုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြည်သူ့ငွေစာရင်းကော်မတီရဲ့လုပ်ငန်းများနှင့်ပတ်သက်တဲ့သီးခြားအစီရင်ခံစာတင်ပြနိုင်ခြင်းမရှိကြောင်း သုံးသပ်ရရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ၂၂-၆-၂၀၁၈ ရက်နေ့ကနေ ၂၁-၆-၂၀၁၉ ရက်နေ့အထိ ပြည်သူ့ငွေစာရင်းကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ ပိုမို

သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု အလေးအနက်ကတိပြုပါကြောင်း အစီရင်ခံစာတင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်သူ့ငွေစာရင်း ကော်မတီ၊ ပြည်သူ့လွှတ်တော်။ အားလုံးပဲကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော်**

**ပြည်သူ့ငွေစာရင်းကော်မတီ**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၂၂-၆-၂၀၁၈) ရက်နေ့မှ (၂၁-၆-၂၀၁၉) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုနှစ်ပတ်လည်အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန် အစည်းအဝေးအား ၁-၂-၂၀၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။ ၂၂-၆-၂၀၁၈ ရက်နေ့မှ ၂၁-၆-၂၀၁၉ ထိ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာအား အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များကို မှတ်တမ်းအဖြစ်ထားရှိစေရန်အတွက် လည်းကောင်း၊ လေ့လာသိရှိရန်နှင့် အထောက်အကူ ဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်ပါသည်။

**ဖွဲ့စည်းမှု**

မှုကြမ်း

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၄) ဥပဒေပြုရေး ပုဒ်မ ၁၁၅၊ ပုဒ်မခွဲ(က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် –

ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်၏ ၅-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၁၆) ဖြင့် ပြည်သူ့ ငွေစာရင်းကော်မတီအား ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ကော်မတီအဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

| | | | |
|---|---|---|---|
| (က) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဘိုကြီး | ချောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးခင်ချို | လှိုင်းဘွဲ့မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးကျော်တင့် | တပ်ကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးသိန်းတန် | လှည်းကူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ချိုချိုဝင်း | မော်လိုက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်နီနီဒွန်း | ပေါက်ခေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ) | ဦးလင်းဇော်ထွန်း | မိုင်းဖြတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးအောင်ဝင်း | မှော်ဘီ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဌ ) | ဦးမြင့်ကြည် | ကသာ မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဍ ) | ဦးစစ်အေး | တောင်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဎ ) | ဗိုလ်မှူးချုပ်ရဲနိုင်မျိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | အတွင်းရေးမှူး |

၅။ ၎င်းအပြင် ပြည်သူ့လွှတ်တော်၏ ၁၆-၂-၂၀၁၆ ရက်စွဲပါအမိန့်အမှတ်(၁/၂၀၁၇) ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ၆-၃-၂၀၁၉ ရက်စွဲပါအမိန့်အမှတ်(၂/၂၀၁၉) ဖြင့် အောက်ဖော်ပြပါ တပ်မတော်ကိုယ်စားလှယ် နှစ်ဦးအား လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ကြည်း ၂၆၇၉၁ | ဗိုလ်မှူးကြီး ကျော်စိုးလွင် |
| ( ခ ) | ကြည်း ၂၂၆၄၈ | ဒုတိယဗိုလ်မှူးကြီး မိုးကျော် |

၆။ ပြည်ထောင်စုလွှတ်တော် နာယကသည် လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၇(က) ၊ ပုဒ်မခွဲ(ခ) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ တို့နှင့်အညီ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံး၏ (၁၁-၂-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၆)ဖြင့်လည်းကောင်း၊ ၂၆-၅-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇)ဖြင့်လည်းကောင်း၊ ၂၈-၅-၂၀၁၈ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၃၂/၂၀၁၈) ဖြင့်လည်းကောင်း၊ ၂၉-၁-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)

ဖြင့်လည်းကောင်း၊ အောက်ဖော်ပြပါ ပြည်သူ့ငွေစာရင်းကော်မတီမှ အဖွဲ့ဝင်(၇)ဦးအား ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ထည့်သွင်းဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးအောင်မင်း | ဇလွန်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကံမြင့် | သရက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်နီနီဒွန်း | ပေါက်ခေါင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစစ်အေး | တောင်သာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးစိုင်းသီဟကျော် | မိုင်းရယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်တင့် | တပ်ကုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သန်း | တောင်ငူမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ကော်မတီသက်တမ်း**

၇။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ ပြဋ္ဌာန်းချက်အရ ကော်မတီ၏သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။

၈။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင် များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ ကျင်းပနိုင်မှုအခြေအနေ**

၉။ အစီရင်ခံသည့်ကာလ ၂၂-၆-၂၀၁၈ မှ ၂၁-၆-၂၀၁၉ ရက်နေ့ထိ ကော်မတီအစည်းအဝေး ပေါင်း (၉) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်

ခံစာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဥပဒေပါ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား လည်းကောင်း ဆွေးနွေးခဲ့ပါသည်။

**စိစစ်ရမည့်ဥပဒေများ**

၁၀။ ပြည်သူ့ငွေစာရင်းကော်မတီသည် အောက်ပါ ဥပဒေ (၃) ခု အား စိစစ်ရမည် ဖြစ်ပါသည် -

(က) The Administration of Public Funds Act (Myanmar Act 3, 1943, VOL.IX)

( ခ ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၃/၂၀၁၄)

( ဂ ) မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၉)

**ပြည်သူ့ငွေစာရင်းကော်မတီ၏လုပ်ဆောင်ချက်များ**

၁၁။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၉ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

၁၂။ ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်းအား စိစစ်ရာတွင် ပိုမိုထိရောက်စွာ စိစစ်နိုင်ရေး အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုယ်စားပြုအနေဖြင့် စိစစ်ရေးပူးပေါင်းအဖွဲ့များတွင် ပြည်သူ့ငွေစာရင်း ကော်မတီဝင်များကို ပါဝင်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များ၏ဆောင်ရွက်ချက်များ**

မူကြမ်း

၁၃။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည် –

(က) **မေးခွန်းများမေးမြန်းခြင်း**

(၁) ကြယ်ပွင့်ပြမေးခွန်း ၂၀ ခု

(၂) ကြယ်ပွင့်မပြမေးခွန်း ၃၂ ခု

( ခ ) အဆိုထောက်ခံဆွေးနွေးမှုနှင့် ဥပဒေကြမ်းများအပေါ်ဆွေးနွေးမှု ၃၆ ကြိမ်

( ဂ ) အစီရင်ခံစာများအပေါ်ဆွေးနွေးမှု ၁၆ ကြိမ်

၁၄။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း သီးခြားအစီရင်ခံစာမတင်သွင်းနိုင်သော်လည်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့် နဝမ ပုံမှန်တွင် အစီရင်ခံစာလေးစောင်၊ ဒသမပုံမှန်တွင်ငါးစောင်၊ (၁၁)ကြိမ်မြောက်ပုံမှန်တွင်လေးစောင်၊ (၁၂)ကြိမ်မြောက်ပုံမှန်တွင်ခြောက်စောင် စုစုပေါင်းအစီရင်ခံစာ (၁၉)စောင်အား ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။

၁၅။ သို့ရာတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ကျန်ပြည်သူ့ငွေစာရင်းကော်မတီဝင်များနှင့်ပါ အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်လျှက်ရှိရာ အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အစီရင်ခံစာ(၁၉) စောင်အနက် အောက်ပါအစီရင်ခံစာများပြုစုရာတွင် လွှတ်တော် နှစ်ရပ်ရှိ ကျန်ပြည်သူ့ငွေစာရင်းကော်မတီဝင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ နောင်တွင်လည်းယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း တင်ပြအပ်ပါသည်–

(က) ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေပါ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာ(၆/၂၀၁၈)

( ခ ) ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ်လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ(၇/၂၀၁၈) အပိုင်း (၁) (၂) (၃)

( ဂ ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ(၉/၂၀၁၈)

(ဃ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ(၁၀/၂၀၁၈)

( င ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ဒုတိယ (၆) လပတ် အသွန်ရငွေစာရင်းများအပေါ် လေ့လာတွေ့ရှိချက်နှင့်သဘောထား မှတ်ချက် အစီရင်ခံစာ(၁၁/၂၀၁၈)

( စ ) ရန်ကုန်တိုင်းဒေသကြီးတွင် သယ်ယူပို့ဆောင်ရေး မြစ်ကမ်းပါးတစ်လျှောက် ဖွံ့ဖြိုးရေးနှင့် မြို့ပြယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး မဟာဗျူဟာစီမံကိန်းဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ(AFD) ထံမှ ယူရိုသန်း ၇၀ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁၂/၂၀၁၈)

(ဆ) ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ(၁၃/၂၀၁၈)

မူကြမ်း

( ဇ ) ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၈)

( ဈ) ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၁၉)

(ည) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၁၉)

( ဋ) ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ(၃/၂၀၁၉)

(ဌ) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၉)

(ဍ) မန္တလေးမြို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ကျင်းပပြုလုပ်နေသည့် ကျောက်စိမ်းအရိုင်းပြပွဲများသည် အမှန်တကယ်ပေးဆောင်ရမည့်အခွန်ငွေထက် မြောက်များစွာ လျှော့ပေါ့ပေးဆောင်နေကြောင်း တာဝန်သိပြည်သူများ၏တိုင်ကြားစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၉)

မှူကြမ်း

( ၿ ) ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထား မှတ်ချက် အစီရင်ခံစာ(၆/၂၀၁၉)

(ဏ) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန် ယန်း (၈၂.၂၇၃) ဘီလီယံ ချေးငွေ ရယူရေးနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၉)

(တ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာ (၈/၂၀၁၉)

(ထ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ပထမခြောက်လပတ် အစီရင်ခံစာ နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၁၉)

(ဒ) ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာအစီရင်ခံစာနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ (၁၀/၂၀၁၉)

**ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆက်သွယ်ဆောင်ရွက်မှုအခြေအနေ**

၁၆။ အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် များ၏ လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပတို့တွင် Workshop, Seminar, Call, လက်ခံတွေ့ဆုံမှုများနှင့် သင်တန်းတက်ရောက်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများမှဆောင်ရွက်သည့် (၄၆) ကြိမ်

| | | |
|---|---|---|
| | Workshop, Seminar တက်ရောက်ခြင်း၊ | |
| ( ခ ) | Call တွေ့ဆုံခြင်း | ( ၁ ) ကြိမ် |
| ( ဂ ) | ပြည်ပခရီးစဉ်များသို့ သွားရောက်သည့် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းနှင့် | ( ၂ ) ဦး |
| | သွားရောက်ခဲ့သည့် နိုင်ငံပေါင်း | ( ၂ ) နိုင်ငံ |

**ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေ**

၁၇။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင်ပါဝင်သော ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင်များအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အောက်ဖော်ပြပါလုပ်ငန်းများတွင် ယှဉ်တွဲပါအတိုင်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်-

| **စဉ်** | **အစည်းအဝေးအမှတ်စဉ်** | **ပူးပေါင်းကော်မတီ အစည်းအဝေး** | **Call, Workshop တက်ရောက်ခြင်း** |
|---|---|---|---|
| (က) | နဝမပုံမှန်အစည်းအဝေး | ၂၁ | - |
| ( ခ ) | ဒသမပုံမှန်အစည်းအဝေး | ၉ | ၃ |
| ( ဂ ) | (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး | ၂၄ | ၁ |
| (ဃ) | (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး | ၂၁ | ၄ |

မူကြမ်း

| စုစုပေါင်း | ၇၅ | ၈ |
|---|---|---|

**သုံးသပ်ချက်**

၁၈။ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ရာ အဓိကမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၀၀(ခ)အရ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၁ နှင့် ၁၀၃ ပါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် ပူးပေါင်းကော်မတီ၏ တာဝန်သတ်မှတ်ချက်များအရလည်းကောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လုပ်ငန်းများကိုသာ အဓိကထား ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သီးခြားအစီရင်ခံစာတင်ပြနိုင်ခြင်း မရှိသေးကြောင်း သုံးသပ်ရရှိပါသည် -

(က) **ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

**ပြည်သူ့လွှတ်တော်နည်းဥပဒေ ၆၈ အရ**

(၁) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု/မပြု သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိတို့ကို စိစစ်ရမည်။

(၂) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(၃) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြရမည် –

(ကက) ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

( ခခ ) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့်ကိစ္စများ၊

( ဂဂ ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံ နည်းလမ်းအားနည်းချက်များ၊

(ဃဃ) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ညှိကိစ္စများ။

**ပြည်သူ့လွှတ်တော်နည်းဥပဒေ ၆၉ အရ**

(၄) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာစာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်

အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ/မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

**ပြည်သူ့လွှတ်တော်နည်းဥပဒေ ၇၀ အရ**

(၅) ကော်မတီသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသောကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့်စာရင်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

( ခ ) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ)။** ပြည်ထောင်စုအစိုးရအဖွဲ့ကသာတင်သွင်းခွင့်ရှိသည့် နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်ကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း။

( ဂ ) **ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဖွဲ့စည်းခြင်းနှင့် ပူးပေါင်းကော်မတီ၏တာဝန်များ**

(၁) ပြည်ထောင်စုလွှတ်တော် နည်းဥပဒေ ၁၀၁ ဖွဲ့စည်းခြင်း။ လွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက သည် –

(ကက) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ ငွေစာရင်း ကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ဖွဲ့စည်းနိုင်သည်။

(ဃ) ပြည်ထောင်စုလွှတ်တော်နည်းဥပဒေ ၁၀၃ ပူးပေါင်းကော်မတီ၏ တာဝန်များ။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် –

(၁) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ပြည်ထောင်စု ၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာ စိစစ်ပြီးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ပြုစု၍ ပူးပေါင်း ကော်မတီ ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး နာယကထံတင်ပြရမည်၊

(၂) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ အရ နိုင်ငံတော်၏အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများနှင့်သုံးငွေများ အပေါ် အစီရင်ခံထားသော ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာနှင့် ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်၊ အရေးယူ ဆောင်ရွက်ချက်တို့ကို စိစစ်၍ လွှတ်တော်သို့တင်ပြရမည်၊

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူထားသည့် လျာထားရငွေများကို ပြည့်ဝစွာ ရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ /မရှိ နှင့် သုံးစွဲခွင့်ပြုထားသော ငွေများကို သတ်မှတ်ထားသောကိစ္စအတွက် သုံးစွဲခြင်း ရှိ မရှိ၊ ထိရောက်စွာ အသုံးပြု မပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ/မရှိ စိစစ်၍ လွှတ်တော်သို့ တင်ပြရမည်၊

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ အသုံးစာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရာတွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော ငွေကို သတ်မှတ်ထားသော ကိစ္စအတွက်သာ သုံးစွဲခြင်း ရှိ/မရှိ၊ ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးရန်ရှိက လွှတ်တော်သို့ တင်ပြရမည်၊

(၅) ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက လွှဲအပ်ပေးပို့သော ကိစ္စရပ်များကို စိစစ်၍ လွှတ်တော်သို့တင်ပြရမည်၊

(၆) အောက်ပါတို့ကို ဆောင်ရွက်၍ လွှတ်တော်သို့တင်ပြရမည် –

(ကက) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့၏ တောင်းဆိုချက်အရ ကိစ္စတစ်ရပ်အတွက် ခွဲဝေချထားငွေကို သုံးစွဲရာ၌ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊

( ခခ ) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း သုံးစွဲရာ၌ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊

( ဂဂ ) ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော အသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ကိစ္စများကို စိစစ်ခြင်း၊

(ဃဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များကို ဆောင်ရွက်မှု ရှိ/မရှိ စိစစ်ခြင်း။

(၇) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ အမိန့်အရ ပြုလုပ်သည့်လုပ်ငန်း၏ စာရင်းများနှင့် ယင်း စာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတို့ကို စိစစ်ရမည်။

(၈) နိုင်ငံတော်သမ္မတ၏အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သို့လှောင် သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

(၉) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးခြင်း၊ စာဖြင့်ရေးသားတင်သွင်းစေခြင်းများ ဆောင်ရွက်နိုင်သည်။

**နိဂုံး**

၁၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ ၂၂-၆-၂၀၁၈ ရက်နေ့မှ ၂၁-၆-၂၀၁၉ ထိ ပြည်သူ့ငွေစာရင်းကော်မတီ၏ ဖွဲ့စည်းမှုများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မှတ်တမ်းတင်နိုင်ပါရန် တင်ပြအပ်ပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီ။

**အစီရင်ခံစာအားအတည်ပြုခြင်း**

အထက်ပါအစီရင်ခံစာအား ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီမှ အတည်ပြုကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်-

| စဉ် | အမည် | ရာထူး | လက်မှတ် |
|---|---|---|---|
| ၁။ | ဦးအောင်မင်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးဘိုကြီး | အဖွဲ့ဝင် | |
| ၃။ | ဦးခင်ချို | အဖွဲ့ဝင် | |
| ၄။ | ဦးကံမြင့် | အဖွဲ့ဝင် | |
| ၅။ | ဦးကျော်တင့် | အဖွဲ့ဝင် | |

မူကြမ်း

| စဉ် | အမည် | ရာထူး | လက်မှတ် |
|---|---|---|---|
| ၆။ | ဦးသိန်းတန် | အဖွဲ့ဝင် | |
| ၇။ | ဒေါ်ချိုချိုဝင်း | အဖွဲ့ဝင် | |
| ၈။ | ဒေါ်နီနီဒွန်း | အဖွဲ့ဝင် | |
| ၉။ | ဦးလင်းဇော်ထွန်း | အဖွဲ့ဝင် | |
| ၁၀။ | ဦးစိုင်းသီဟကျော် | အဖွဲ့ဝင် | |
| ၁၁။ | ဦးအောင်ဝင်း | အဖွဲ့ဝင် | |
| ၁၂။ | ဦးမြင့်ကြည် | အဖွဲ့ဝင် | |
| ၁၃။ | ဦးစစ်အေး | အဖွဲ့ဝင် | |
| ၁၄။ | ဗိုလ်မှူးချုပ်ရဲနိုင်မျိုး | အဖွဲ့ဝင် | |
| ၁၅။ | ဦးခင်မောင်သန်း | အတွင်းရေးမှူး | |
| ၁၆။ | ဗိုလ်မှူးကြီးကျော်စိုးလွင် | လေ့လာသူ | |

မူကြမ်း

| စဉ် | အမည် | ရာထူး | လက်မှတ် |
|---|---|---|---|
| ၁၇။ | ဒုတိယဗိုလ်မှူးကြီးမိုးကျော် | လေ့လာသူ | |

**ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၃-၁၂-၂၀၁၉ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက နှစ်ပတ်လည်အစီရင်ခံစာ တင်ပြဖို့ဖြစ်ပါတယ်။ ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိုး(အဖွဲ့ဝင်၊ ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်

မူကြမ်း

ပါတယ်ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကြီးမှာ ပြည်သူ့လွှတ်တော် ဘဏ္ဍာငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ဘဏ္ဍာငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အထိ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်ဖြစ်သူ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်စိုးက ဖတ်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

## ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာ

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီသည် လွှတ်တော်ကပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို သိရှိအကြံပြုဆွေးနွေးနိုင်ပါရန် အစီရင်ခံစာ ပြုစုတင်ပြအပ်ပါသည်။

### ရည်ရွယ်ချက်

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အထိ တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သိရှိရန်ရည်ရွယ်ပါတယ်။

### မူကြမ်း

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၃/၂၀၁၆)ဖြင့် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အမိန့်အမှတ် (၁/၂၀၁၇)ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို၊ ကြည်း ၂၀၇၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁၅/၂၀၁၇)ဖြင့် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် တို့အား ကော်မတီ၏အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော်သည် ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၈)ဖြင့် ကြည်း ၁၈၀၈၆ ဗိုလ်မှူးချုပ်တင်စိုး(အစား) ကြည်း ၁၈၆၄၅ ဗိုလ်မှူးချုပ်နိုင်ဝင်း အား ကော်မတီ၏အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်သည် ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် အမိန့်အမှတ်(၂/၂၀၁၉)ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို(အစား) ကြည်း ၂၂၃၈၂ ဗိုလ်မှူးကြီးဟန်သူအား ကော်မတီ၏ လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ ပြည်သူ့လွှတ်တော်သည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)ဖြင့် ဒေါက်တာဒေါ်သက်သက်ခိုင်(ကော်မတီအဖွဲ့ဝင်) ဒဂုံမြို့နယ်အား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အဖွဲ့ဝင်အဖြစ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါသည်။

၁၀။ လက်ရှိ ဘဏ်နှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)၊ အတွင်းရေးမှူး ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)နှင့် အဖွဲ့ဝင်များအဖြစ် ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)၊ ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)၊ ဦးမျိုးဇော်ဦး (လယ်ဝေးမဲဆန္ဒနယ်)၊ ဦးရဲထွန်းဝင်း(ပေါက်မဲဆန္ဒနယ်)၊ ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)၊ ဦးခွန်အောင်ကျော်(ဟိုပုံမဲဆန္ဒနယ်)၊ ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)၊ ဦးစိုင်းထွန်းအောင် (ကျောက်မဲမဲဆန္ဒနယ်)၊ ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)၊ ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)၊ ဗိုလ်မှူးချုပ်နိုင်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)၊ ဒေါ်ခင်မို့မို့အောင်(လသာမဲဆန္ဒနယ်)၊ ဦးနေစိုးအောင် (ဝန်းသိုမဲဆန္ဒနယ်)တို့ဖြစ်ကြပြီး လေ့လာသူများအဖြစ် ဗိုလ်မှူးကြီးဟန်သူ (တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)၊ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်(တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)တို့ တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။

**ကော်မတီ၏သက်တမ်း**

၁၁။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။

**ကော်မတီ၏တာဝန်များ**

၁၂။ (က) ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်မြေအသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ် ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့် ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများ**

၁၃။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်(၀၅/ပသ(ကမတ)/၂၀၁၆-၀၄ ဖြင့် မိမိတို့ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေ ၁၈ ခုကို လေ့လာပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးများ ကျင်းပဆောင်ရွက်မှု**

၁၄။ ကော်မတီသည် ၁၉-၂-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အထိ ကော်မတီတွင်း လုပ်ငန်းအစည်းအဝေးအကြိမ်ပေါင်း ၁၁ ကြိမ်၊ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် အစည်းအဝေးအကြိမ်ပေါင်း ရှစ်ကြိမ်၊ စိစစ်ရေး ပူးပေါင်းအဖွဲ့(၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးအကြိမ်ပေါင်း လေးကြိမ် စုစုပေါင်း အစည်းအဝေးအကြိမ်ပေါင်း ၂၃ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

မှုကြမ်း

၁၅။ ကော်မတီသည် Westminster Foundation for Democracy (WFD)၏ အထောက်အပံ့ဖြင့် ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ Post–Legislation Scrutiny (PLS)လုပ်ငန်းအတွက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကိုရွေးချယ်ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ဥပဒေပြုပြီးနောက်စိစစ်ခြင်း Post–Legislation Scrutiny (PLS) လုပ်ငန်းစဉ်ဆောင်ရွက် ရာတွင် ဝန်ထမ်းများ၏အရည်အသွေးတိုးတက်မြင့်မားလာစေရန် ဥပဒေပြုရာတွင် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပါသည်။

၁၇။ ကော်မတီသည် ဥပဒေပြုပြီးနောက် စိစစ်ခြင်း(PlS)လုပ်ငန်းကို ဆောင်ရွက်ရာတွင် ဦးတည်ချက်လေးရပ်၊ လုပ်ငန်းစဉ် ၁၇ ရပ်ဖြင့် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက် ရာတွင် ဝင်ငွေနည်းပြည်သူများအား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အဓိကကျသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ရွေးချယ်ခဲ့ပါသည်။ ဥပဒေနှင့်ပတ်သက် သက်ဆိုင်သူ များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းစဉ်များကို ၂-၆-၂၀၁၈ ရက်နေ့မှ ၃-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့လည်းကောင်း၊ ၉-၆-၂၀၁၈ ရက်နေ့မှ ၁၀-၆-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့နှင့် တောင်ငူမြို့များသို့ အဖွဲ့ခွဲ၍ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။

၁၈။ ကော်မတီသည် ပြဋ္ဌာန်းထားသည့်ဥပဒေ၏ စည်းနှောင်မှု၊ ဥပဒေကျင့်သုံးခြင်းဆိုင်ရာ စိန်ခေါ်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အကဲဖြတ်ချက်၊ သက်ဆိုင်သူ များ၏ တာဝန်နှင့်အခွင့်အရေးများ၊ ဥပဒေ၏ နောက်ဆက်တွဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ အားနည်းချက်၊ အားသာချက်များကို အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း ၂၁ ဖွဲ့၊ အသင်းသားဦးရေ ၂၁၀ ဦးနှင့် တွေ့ဆုံဆွေးနွေးလေ့လာပြီး အစီရင်ခံစာမူကြမ်းအား ရေးဆွဲပြီးဖြစ်ပါသည်။

မူကြမ်း

၁၉။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့သည် ၂၉-၃-၂၀၁၈ ရက်နေ့တွင် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ အမျိုးသားလွှတ်တော် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်တို့အား ဖိတ်ကြားပြီး လတ်တလော ရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံ ၂၈ ခုနှင့်စပ်လျဉ်း၍ မူဝါဒဆိုင်ရာအကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား ပိုင်းဝန်းအကြံပြုချက်များပေးနိုင်ရန် အစည်းအဝေးကို ရေးရာဆောင်(I-7)တွင် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးမှုများ**

၂၀။ ကော်မတီသည် ၇-၃-၂၀၁၈ ရက်နေ့တွင် Digital Money Myanmar Ltd. (Wave Money)မှ Mr. Brad Jones ဦးဆောင်သောအဖွဲ့နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရေးရာဆောင်(I-7)တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၁။ ကော်မတီသည် ၁၂-၇-၂၀၁၈ ရက်နေ့တွင် China Exim Bank မှ Ms.Wen Hong နှင့် တွေ့ဆုံပြီး ချေးငွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရေးရာဆောင်(I-7)နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

၂၂။ ကော်မတီသည် ၁၆-၈-၂၀၁၈ ရက်နေ့နှင့် ၁၄-၁၁-၂၀၁၈ ရက်နေ့တို့တွင် ဂျာမနီနိုင်ငံ အခြေစိုက် GIZ မှ Mr.Armin Hofmann ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံးပြီး ငွေလဲလှယ်နှုန်း (Exchange Rate)နှင့် ငွေလဲလှယ်နှုန်းစနစ်(Exchange Rate System)တို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား ရေးရာဆောင်(I-7)၌ ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။

၂၃။ ကော်မတီသည် ၁၃-၁၁-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍပိုမိုဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာငွေပေးချေမှုကုမ္ပဏီ Visa ၏ Mr. Stephen karpin ဦးဆောင်သောအဖွဲ့နှင့် ရေးရာဆောင် I-7 တွင်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂၄။ ကော်မတီသည် ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ဆိုင်ရာနှုန်းထားများနှင့်ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနမှ ဦးတင်အောင်၊ ညွှန်ကြားမှူး(ငြိမ်း)နှင့်တွေ့ဆုံပြီး ရေးရာဆောင် I-7 ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၅။ ကော်မတီသည် ၂၃-၁-၂၀၁၉ ရက်နေ့တွင် Treasury Bill၊ Treasury Bond အတိုးနှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရေးရာဆောင် I-7 ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၆။ ကော်မတီသည် ၅-၂-၂၀၁၉ ရက်နေ့တွင် ချေးငွေသတင်းအချက်အလက် စုစည်းမှုဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ Myanmar Credit Rating Company Ltd မှ ဦးကျော်မင်းထွန်းဦးဆောင်သောအဖွဲ့နှင့် ရေးရာဆောင် I-7 မှာ တွေ့ဆုံဆွေးနွေးမှုပြုလုပ်နိုင်ခဲ့ပါတယ်။

၂၇။ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့တွင် မိမိတို့ကော်မတီမှ ဥက္ကဋ္ဌ ဒေါ်ခင်စန်းလှိုင်၊ အတွင်းရေးမှူး ဦးတင်ထွန်းနိုင်၊ အဖွဲ့ဝင်များဖြစ်သော ဦးအောင်စိုး၊ ဦးစိုးအောင်နိုင်၊ ဦးသန်းစိုး၊ ဦးခွန်အောင်ကျော်၊ ဗိုလ်မှူးချုပ်နိုင်ဝင်းတို့ပါဝင်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများတွင် ရငွေသုံးငွေများအား မူဝါဒအပေါ်အခြေခံ၍ လေ့လာသုံးသပ်စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

**လွှတ်တော်တွင်း မေးခွန်းများမေးမြန်းဆောင်ရွက်မှု**

၂၈။ ကော်မတီဝင်များသည် ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အထိ ကြယ်ပွင့်ပြ မေးခွန်း ၂၉ ခု၊ အဆို ၇ ခုတင်သွင်းခဲ့ပြီး လွှတ်တော်က အဆို ၄ ခု အတည်ပြု၍ အဆို ၃ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

၂၉။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့အတွင်း ပြည်ပခရီးလေးကြိမ် သွားရောက်ခဲ့ပါသည်။

**ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

၃၀။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမှုအသေးစိတ်အား နောက်ဆက်တွဲ(က)ဖြင့် တင်ပြထားပါသည်။

**ပြည်တွင်းအခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းတက်ရောက်မှု**

၃၁။ ကော်မတီဝင်များသည် ပြည်တွင်း၌ကျင်းပပြုလုပ်သော အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် သင်တန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်ခဲ့မှု အနေအထားအသေးစိတ်ကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြအပ်ပါသည်။

**ရုံးအဖွဲ့၏ အထောက်အကူပြုနိုင်မှု**

၃၂။ ရုံးအဖွဲ့၏လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်းနှစ်ဦး၊ အမှုထမ်းခြောက်ဦး စုစုပေါင်း ရှစ်ဦးဖြင့် ကော်မတီ၏လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မူကြမ်း

၃၃။ ရုံးအဖွဲ့သည် အစည်းအဝေးများကျင်းပရန်စီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အထောက်အကူပြုစာရွက်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အစည်းအဝေး မှတ်တမ်းများပြုစုခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများကို လက်ခံခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေးဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံး လုပ်နည်း၊ အကြံဉာဏ်များပေးခြင်း၊ ကော်မတီဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်သူ့ လွှတ်တော်ရုံးနှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိဂုံး**

၃၄။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ကိုယ်စားပြုရေးဟူသောတာဝန်များကို ကြိုးစား ဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီဆိုင်ရာ လုပ်ငန်းဆောင်တာအတွေ့အကြုံများကို ပြန်လည် သုံးသပ်ပြီး ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအကျိုးစီးပွား နှင့် ပြည်သူ့လွှတ်တော်၏ဂုဏ်သိက္ခာမြင့်မားစေရန် တတ်စွမ်းသမျှကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း အစီရင်ခံစာတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊**

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**၁၉-၂-၂၀၁၈ မှ ၁၈-၂-၂၀၁၉ ထိ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

မူကြမ်း

၁။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီသည် လွှတ်တော်ကပေးအပ်ထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိအကြံပြု ဆွေးနွေးနိုင်ပါရန် အစီရင်ခံစာရေးသား ပြုစုတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန်။

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၆ ဖြင့် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို၊ ကြည်း ၂၀၇၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၁၅/၂၀၁၇ ဖြင့် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် တို့အား ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ပြီး တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော်သည် ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၈ ဖြင့် ကြည်း ၁၈၀၈၆ ဗိုလ်မှူးချုပ်တင်စိုး (အစား) ကြည်း ၁၈၆၄၅ ဗိုလ်မှူးချုပ်နိုင်ဝင်း အား ကော်မတီ၏ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်သည် ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်တွင် အမိန့်အမှတ် ၂/၂၀၁၉ ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို (အစား) ကြည်း ၂၂၃၈၂ ဗိုလ်မှူးကြီးဟန်သူအား ကော်မတီ၏ လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၉။ ပြည်သူ့လွှတ်တော်သည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉ ဖြင့် ဒေါက်တာသက်သက်ခိုင်၊ ကော်မတီအဖွဲ့ဝင် ဒဂုံမဲဆန္ဒနယ်အား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ ပါသည်။

၁၀။ ယခုလက်ရှိ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကိုယ်စားလှယ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်စိုး | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးရဲထွန်းဝင်း | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (ဆ) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းထွန်းအောင် | ကျောက်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးချုပ်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်ခင်မို့မို့အောင် | လသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေစိုးအောင် | ဝန်းသိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ် | အတွင်းရေးမှူး |
| (တ) | ဗိုလ်မှူးကြီးဟန်သူ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ထ) | ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**ကော်မတီ၏သက်တမ်း**

၁၁။ ကော်မတီ၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။

**ကော်မတီတာဝန်များ**

၁၂။ ကော်မတီ၏တာဝန်များမှာ-

(က) ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိ က လွှတ်တော်သို့တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ် ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့် ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများ**

၁၃။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/၂၀၁၆-၀၄ ဖြင့် မိမိတို့ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများကို အောက်ပါအတိုင်း သတ်မှတ် ပေးခဲ့ပါသည်-

(က) The Money Lenders Act, 1945
(Myanmar Act 27, 1945, Vol X)

(ခ) ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ
(ဥပဒေအမှတ် ၅၇၊၁၉၄၈ခုနှစ်၊အတွဲ-၉)

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့
(International Monetary Fund and Bank) အက်ဥပဒေ
(ဥပဒေအမှတ်၃၇၊ ၁၉၅၁ခုနှစ်၊ အတွဲ – ၃)

(ဃ) ၁၉၅၆ ခုနှစ်၊အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း သဘောတူ စာချုပ် အက်ဥပဒေ (ဥပဒေအမှတ် ၂၃၊ ၁၉၅၆ခုနှစ်)

(င) အပြည်ပြည်ဆိုင်ရာကြီးပွားရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၁၊ ၁၉၆၂ခုနှစ်)

မူကြမ်း

(စ) ၁၉၇၃ခုနှစ်၊ အာရှဖွံ့ဖြိုးရေးဘဏ်အက်ဥပဒေ (ဥပဒေအမှတ် ၃၊ ၁၉၇၃ခုနှစ်)

(ဆ) မြန်မာ့အာမခံဥပဒေ(နဝတဥပဒေအမှတ် ၁၀/၁၉၉၃)

(ဇ) မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ
(နဝတ ဥပဒေအမှတ် ၃/၁၉၉၇)

(ဈ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလိုအပ်သော အသုံးစရိတ် ဆိုင်ရာ
အထူး ရန်ပုံငွေဥပဒေ(နယကဥပဒေအမှတ် ၁၀/၂၀၁၁)

(ည) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ(ပထစဥပဒေအမှတ် ၁၃/၂၀၁၁)

(ဋ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ (ပထစဥပဒေအမှတ် ၁၆/၂၀၁၃)

(ဌ) ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ
(ပထစဥပဒေအမှတ် ၂၀/၂၀၁၃)

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ
(ပထစဥပဒေအမှတ် ၄၂/၂၀၁၅)

(ဎ) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ
(ပထစဥပဒေအမှတ် ၆၄/၂၀၁၅)

(ဏ) အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ပထစဥပဒေအမှတ် ၆၉/ ၂၀၁၅)

(တ) ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(ပထစဥပဒေအမှတ် ၇၀/၂၀၁၅)

(ထ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ(ပထစဥပဒေအမှတ် ၂/၂၀၁၆)

(ဒ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(ပထစဥပဒေအမှတ်၂၀/၂၀၁၆)

**ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှု**

၁၄။ ကော်မတီသည် ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိ ကော်မတီတွင်း အစည်းအဝေးကျင်းပဆောင်ရွက်နိုင်ခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | လုပ်ငန်းညှိနှိုင်းအစည်းအဝေး | ၁၁ ကြိမ် | |
| (ခ) | ဥပဒေပြုပြီးနောက်စိစစ်ခြင်းလုပ်ငန်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနနှင့်အစည်းအဝေး | ၈ ကြိမ် | |
| (ဂ) | စိစစ်ရေးပူးပေါင်းအဖွဲ့(၆)လုပ်ငန်းညှိနှိုင်း | ၄ ကြိမ် | |
| | **စုစုပေါင်း** | **၂၃ ကြိမ်** | |

၁၅။ ကော်မတီသည် Westminster Foundation For Democracy (WFD) ၏ အထောက်အပံ့ဖြင့် ဥပဒေပြုပြီးနောက်စိစစ်ခြင်း၊ Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ်အတွက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကိုရွေးချယ်ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၆။ ဥပဒေပြုပြီးနောက်စိစစ်ခြင်း၊ Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ အရည်အသွေးတိုးမြှင့်လာစေရန်နှင့် ဥပဒေပြုရာတွင် ဝန်ထမ်းများပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပြီး ပြည်ပနိုင်ငံသို့ သွားရောက် လေ့လာရာတွင်လည်း ပါဝင်စေခဲ့ပါသည်။

မူကြမ်း

၁၇။ ကော်မတီသည် ဥပဒေပြုပြီးနောက် စိစစ်ခြင်း (PLS) လုပ်ငန်းကို လုပ်ဆောင်ရာတွင် ဦးတည်ချက် (၄) ရပ် လုပ်ငန်းစဉ် (၁၇) ရပ်ဖြင့် သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဝင်ငွေနည်းပြည်သူလူထုများအား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အဓိက ကျသည့် “ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ” ကို ရွေးချယ်ခဲ့ပါသည်။ ဥပဒေနှင့် ပတ်သက်စပ်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းစဉ်များကို ၂-၆-၂၀၁၈ ရက်နေ့မှ ၃-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့နှင့် ပုသိမ်မြို့များသို့လည်းကောင်း၊ ၉-၆-၂၀၁၈ ရက်နေ့မှ ၁၀-၆-၂၀၁၈ရက်နေ့တွင် မန္တလေးမြို့နှင့် တောင်ငူမြို့များသို့ အဖွဲ့ခွဲ၍ သွားရောက်ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

၁၈။ ကော်မတီသည် ပြဋ္ဌာန်းထားသည့် ဥပဒေ၏ စည်းနှောင်မှု၊ ဥပဒေကျင့်သုံးခြင်းဆိုင်ရာ စိန်ခေါ်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အကဲဖြတ်ချက်၊ ဥပဒေနှင့် သက်ဆိုင်သူများ၏ တာဝန်နှင့်အခွင့်အရေးများ၊ ဥပဒေ၏ နောက်ဆက်တွဲနည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် အားနည်းချက်၊ အားသာချက်များကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၂၁)ဖွဲ့၊ အသင်းသားဦးရေ (၂၁၀) ဦးနှင့် တွေ့ဆုံ ဆွေးနွေး စိစစ်လေ့လာပြီး အစီရင်ခံစာ(မူကြမ်း)အား ရေးဆွဲပြီးဖြစ်ပါသည်။

၁၉။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့သည် ၂၉-၃-၂၀၁၈ ရက်နေ့တွင် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် အမျိုးသားလွှတ်တော်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမိုးမြင့်တို့အား ဖိတ်ကြားပြီး လတ်တလောရပ်ဆိုင်းထားသည့် နိုင်ငံပိုင်စက်ရုံ(၂၈)ရုံနှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာ အကြံပြုချက် များအပေါ် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ဝိုင်းဝန်းအကြံပြုချက်များ ပေးပို့နိုင်ရန် အစည်းအဝေးကို ရေးရာဆောင် I-7 ၌ ကျင်းပပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

**ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးမှုများ**

၂၀။ ကော်မတီသည် ၇-၃-၂၀၁၈ ရက်နေ့တွင် Digital Money Myanmar Ltd. (Wave Money) မှ Mr. Brad Jones ဦးဆောင်သောအဖွဲ့နှင့် "မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု" လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရေးရာဆောင် I-7 ၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၁။ ကော်မတီသည် ၁၂-၇-၂၀၁၈ ရက်နေ့တွင် China Exim Bank မှ Ms.Wen Hong နှင့် တွေ့ဆုံပြီး ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် ရေးရာဆောင် I-7 ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၂။ ကော်မတီသည် ၁၆-၈-၂၀၁၈ ရက်နေ့နှင့် ၁၄-၁၁-၂၀၁၈ ရက်နေ့တို့တွင် ဂျာမနီနိုင်ငံ အခြေစိုက် GIZ မှ Mr. Armin Hofmann ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး ငွေလဲလှယ်နှုန်း (Exchange Rate) နှင့် ငွေလဲလှယ်နှုန်းစနစ် (Exchange Rate System) နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ရေးရာဆောင် I-7 ၌ ဆွေးနွေးမှုပြုလုပ်ခဲ့ပါသည်။

၂၃။ ကော်မတီသည် ၁၃-၁၁-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာငွေပေးချေမှုကုမ္ပဏီ Visa ၏ Mr. Stephen karpin ဦးဆောင်သောအဖွဲ့နှင့် ရေးရာဆောင် I-7 ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂၄။ ကော်မတီသည် ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ဆိုင်ရာနှုန်းထားများနှင့် ပတ်သက်၍ ပြည်တွင်းအခွန်ဦးစီးဌာနမှ ဦးတင်အောင် ညွှန်ကြားရေးမှူး (ငြိမ်း)နှင့် တွေ့ဆုံပြီး ရေးရာဆောင် I-7 ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၂၅။ ကော်မတီသည် ၂၃-၁-၂၀၁၉ ရက်နေ့တွင် Treasury Bill၊ Treasury Bond အတိုးနှုန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ရေးရာဆောင် I-7 ၌ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

မှုကြမ်း

၂၆။ ကော်မတီသည် ၅-၂-၂၀၁၉ ရက်နေ့တွင် ချေးငွေသတင်းအချက်အလက် စုစည်းမျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Myanmar Credit Rating Company Ltd မှ ဦးကျော်မင်းထွန်းဦးဆောင်သောအဖွဲ့နှင့် ရေးရာဆောင် I-7 ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂၇။ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(ဖ)တွင် မိမိတို့ကော်မတီမှ ဥက္ကဋ္ဌ၊ ဒေါ်ခင်စန်းလှိုင်၊ အတွင်းရေးမှူး၊ ဦးတင်ထွန်းနိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်စိုး၊ ဦးစိုးအောင်နိုင်၊ ဦးသန်းစိုး၊ ဦးခွန်အောင်ကျော်နှင့် ဗိုလ်မှူးချုပ်နိုင်ဝင်းတို့ပါဝင်ခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများအား မူဝါဒအပေါ်အခြေခံ၍ လေ့လာသုံးသပ်စိစစ် ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

**လွှတ်တော်တွင်းမေးခွန်းများ မေးမြန်းဆောင်ရွက်မှု**

၂၈။ ကော်မတီဝင်များသည် ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိ ကြယ်ပွင့်ပြ မေးခွန်း ၂၉ ခု ၊ အဆို ၇ ခု တင်သွင်းခဲ့ပြီး လွှတ်တော်က အဆို ၄ ခု အတည်ပြု၍ အဆို ၃ ခုကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

၂၉။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ၁၉-၂-၂၀၁၈ ရက်နေ့မှ၁၈-၂-၂၀၁၉ ရက်နေ့အတွင်း ပြည်ပခရီးစဉ် ၄ ကြိမ် သွားရောက်ခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| (က) | ဦးသောင်းအေး | ပျော်ဘွယ် | ဗီယက်နမ် | လေ့လာရေးခရီး | ၅-၃-၂၀၁၈ မှ ၈-၃-၂၀၁၈ |
| | Dr သက်သက်ခိုင် | ဒဂုံ | ။ | ။ | ။ |
| (ခ) | ဒေါ်ခင်စန်းလှိုင် | ပုလဲ | ဂျာမနီ | လေ့လာရေးခရီး | ၁၉-၆-၂၀၁၈ မှ ၂၈-၆-၂၀၁၈ |
| | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ ခနောင်တို | ။ | ။ | ။ |
| | ဦးစိုးအောင်နိုင် | ကျုံပျော် | ။ | ။ | ။ |
| | ဦးစိုင်းထွန်းအောင် | ကျောက်မဲ | ။ | ။ | ။ |
| (ဂ) | ဒေါ်ခင်စန်းလှိုင် | ပုလဲ | တရုတ် | မြန်မာ-တရုတ် စီးပွားရေးစင်္ကြံဖွံ့ဖြိုး တိုးတက်မှုမြှင့်တင်ခြင်း ဆိုင်ရာ ပထမအကြိမ် ပူးတွဲကော်မတီ အစည်းအဝေးနှင့် မြန်မာ- တရုတ် စီးပွားရေး စင်္ကြံဖိုရမ် | ၉-၉-၂၀၁၈ မှ ၁၃-၉-၂၀၁၈ |
| (ဃ) | ဒေါ်ခင်စန်းလှိုင် | ပုလဲ | တရုတ် | မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ | ၂၁-၂-၂၀၁၉ မှ |

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| | | | | ဒုတိယအကြိမ်ဖိုရမ် | ၂၂-၂-၂၀၁၉ |

**ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု**

၃၀။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမှု အသေးစိတ်အား နောက်ဆက်တွဲ (က) ဖြင့် တင်ပြအပ်ပါသည်။

**ပြည်တွင်း အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများတက်ရောက်မှု**

၃၁။ ကော်မတီဝင်များသည် ပြည်တွင်း၌ကျင်းပပြုလုပ်သော အခမ်းအနားများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်ခဲ့မှု အခြေအနေအသေးစိတ်ကို နောက်ဆက်တွဲ (ခ) ဖြင့် တင်ပြအပ်ပါသည်။

**ရုံးအဖွဲ့၏ အထောက်အကူပြုနိုင်မှု**

၃၂။ ရုံးအဖွဲ့၏ လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်း(၂)ဦး၊ အမှုထမ်း (၆) ဦး စုစုပေါင်း (၈) ဦး ဖြင့် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃၃။ ရုံးအဖွဲ့သည် အစည်းအဝေးများစီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အထောက်အကူပြုစာရွက်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အစည်းအဝေးမှတ်တမ်းများ ပြုစုခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများကို လက်ခံခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေးဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အကြံ

ဥဘဏ်များပေးခြင်း၊ ကော်မတီဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရုံး နှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိဂုံး**

၃၄။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် များသည် ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ကိုယ်စားပြုရေးဟူသည့် တာဝန်များကို ကြိုးစားထမ်းဆောင်ခဲ့ကြပါသည်။ ကော်မတီဆိုင်ရာ လုပ်ငန်းဆောင်တာ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု အကျိုးစီးပွားနှင့် ပြည်သူ့လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားစေရန် တတ်စွမ်းသမျှ ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**အစီရင်ခံစာအတည်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အတည်ပြုကြောင်း လက်မှတ်ရေးထိုးပါသည်–

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | ဥက္ကဋ္ဌ | |
| ၂။ | ဦးအောင်စိုး | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၃။ | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၄။ | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၅။ | ဦးရဲထွန်းဝင်း | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် | |

မှုကြမ်း

| | | | | |
|---|---|---|---|---|
| ၆။ | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၇။ | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၈။ | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၉။ | ဦးစိုင်းထွန်းအောင် | ကျောက်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၁၀။ | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၁၁။ | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၁၂။ | ဗိုလ်မှူးချုပ်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | |
| ၁၃။ | ဦးနေစိုးအောင် | ဝန်းသိုမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၁၄။ | ဒေါ်ခင်မို့မို့အောင် | လသာမဲဆန္ဒနယ် | အဖွဲ့ဝင် | |
| ၁၅။ | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ် | အတွင်းရေးမှူး | |
| ၁၆။ | ဗိုလ်မှူးကြီးဟန်သူ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | |
| ၁၇။ | ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | |

နောက်ဆက်တွဲ (က)

ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

## မူကြမ်း

၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိ ပြည်တွင်း/ပြည်ပပုဂ္ဂိုလ်/အဖွဲ့အစည်းများ တွေ့ဆုံမှုမှတ်တမ်း

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၁။ | ၇-၃-၂၀၁၈ | ကော်မတီဝင်အားလုံး | မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု | Wave Money | | |
| ၂။ | ၇-၆-၂၀၁၈ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ | Gender (ကျား/မရေးရာ)နှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ | | WFD | |
| ၃။ | ၁၂-၇-၂၀၁၈ | ကော်မတီဝင်အားလုံး | ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ | | China Exim Bank | |
| ၄။ | ၁၄-၆-၂၀၁၈ | ကော်မတီဝင်အားလုံး | ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတွင် အသုံးပြုမည့် ETC (Electronic Toll System Card) စနစ်နှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်း | မြပန်ဝါ ကုမ္ပဏီ | | |
| ၅။ | ၁၆-၈-၂၀၁၈ | ကော်မတီဝင်အားလုံး | ဂျာမနီနိုင်ငံအခြေစိုက် GIZ အဖွဲ့ အစည်းမှ ကော်မတီအား အကူအညီပေးရေးကိစ္စ | | ဂျာမနီနိုင်ငံ အခြေစိုက် GIZ | (I-7) အပေါ်ထပ် |
| ၆။ | ၁၃-၁၁-၂၀၁၈ | ကော်မတီဝင်အားလုံး | မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးကိစ္စ | | Visa | (I-7) အပေါ်ထပ် |
| ၇။ | ၁၄-၁၁-၂၀၁၈ | ။ | ဂျာမနီနိုင်ငံအခြေစိုက် GIZ အဖွဲ့ အစည်းမှ ကော်မတီအား အကူအညီပေးရေးကိစ္စ | | ဂျာမနီနိုင်ငံ အခြေစိုက် GIZ | (I-7) အပေါ်ထပ် |

မှူကြမ်း

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၈။ | ၁၉-၁၁-၂၀၁၈ | ကော်မတီဝင်အားလုံး | မြင်းခြံသံမဏိစက်ရုံ အဆိုပြုလွှာနှင့် ပတ်သက်၍ ဦးအေးသီဟ (Chief Executive Officer, Thiha Group) | Thiha Group | | (I-7) အပေါ်ထပ် |
| ၉။ | ၅-၂-၂၀၁၉ | ကော်မတီဝင်အားလုံး | ချေးငွေသတင်းအချက်အလက် စုစည်းမှုဝေခြင်းဆိုင်ရာကိစ္စ | Myanmar Credit Rating Company | | (I-7) အပေါ်ထပ် |
| | စုစုပေါင်း | | | ၄ | ၅ | |

**နောက်ဆက်တွဲ(ခ)**

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၈-၂-၂၀၁၉ ရက်နေ့ထိ တက်ရောက်ခဲ့သည့် Workshop, Seminar, Training**

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
